မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၀၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ၌ရှိ ညှိခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အာရှ-အာဖရိက ပူးပေါင်းပြီး ဘန်ဒေါင်းအသိစိတ်ဓာတ် ဆက်လက်ရှင်သန်နေမည် ယုံကြည် နိုင်ငံငယ်များ အခက်အခဲများဖြင့် တွေ့ကြုံနေရ၍ အာရှ-အာဖရိက ပူးပေါင်းရေးအရေးကြီး အင်ဒိုနီးရှားအနေဖြင့် အာရှနိုင်ငံများအကျိုး တက်တက်ကြွကြွဆောင်ရွက်နေခြင်းအတွက် အားရကျေနပ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတစ်နိုင်ငံတွင် အမျိုးသားလုံခြုံရေးအရေးကြီးသည်ကို မိမိနားလည်သဘောပေါက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး ကြိုးပမ်းဆောင်ရွက်နေမှုများ ထောက်ခံအားပေးရန် မိမိပြောကြားခဲ့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်ကို ကမ္ဘာကသိအောင် မြန်မာနိုင်ငံက ဖော်ထုတ်ရန်လို

အင်ဒိုနီးရှားသမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနို

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုအား ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ၌ရှိ ညှိခန်းမ၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ***စာမျက်နှာ ၃ ကော်လံ ၁*** ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ၌ရှိ ညှိခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

27-4 (01).p65 1 3/24/05, 7:47 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်သစ်ထူထောင်မှုပိုမိုတိုးပွားစေမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယုဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ဧပြီလ ၂၂ရက်နေ့မှ ၂၄ရက်နေ့အထိ ကျင်းပခဲ့သည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ၁၉၅၅ခုနှစ် ဧပြီလက ကျင်းပခဲ့သော အာရှ-အာဖရိကနိုင်ငံများ ညီလာခံကြီးသည် ယခု ၂၀၀၅ခုနှစ်တွင် နှစ်(၅၀)ပြည့်မြောက်ကာ ရွှေရတုသဘင်ရောက်ခဲ့ပြီ ဖြစ်သည်။ ၁၉၅၅ခုနှစ် ဘန်ဒေါင်းညီလာခံကြီး စတင်ကျင်းပခဲ့စဉ်က တက်ရောက်ခဲ့သည့် နိုင်ငံ၂၉ နိုင်ငံတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့သည်။ ယခု ၂၀၀၅ခုနှစ်တွင် ကျင်းပသည့် အာရှ-အာဖရိက ထိပ်သီးညီလာခံကြီးသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အာရှ၊ အာဖရိကနှင့်အခြားနိုင်ငံ စုစုပေါင်း၁၀၅နိုင်ငံမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဂျကာတာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ ပထမနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်း ပြောကြားရာ၌-

"ကျွန်ုပ်တို့ဟာ လျင်မြန်စွာ ပြောင်းလဲနေတဲ့ ခေတ်ကြီးထဲမှာ နေထိုင်ကြသူများဖြစ်ပါတယ်။ မကြာသေးမီ နှစ်များအတွင်း ကမ္ဘာ့အတော်များများမှာ ကြီးမားတဲ့ပြောင်းလဲဖြစ်ပေါ်တာတွေကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ပြဿနာများရဲ့ ရှုပ်ထွေးတဲ့ သဘောသဘာဝနှင့် ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ အမြင်ကျယ် ရပါမယ်။ ဖွဲ့ရှိဖို့ လိုအပ်ပါတယ်။ ဒီထိပ်သီးညီလာခံမှာ အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ သဘောတူညီခဲ့တဲ့ မဟာဗျူဟာ မိတ်ဖက်သစ်ဟာ ဒေသနှစ်ခုရဲ့ သွေးစည်းညီညွတ်မှုကို ရှင်သန်စေတဲ့ ထိရောက်တဲ့နည်းလမ်းဖြစ်လာမှာ ဖြစ်ပါတယ်"

ဟူ၍ ပြောကြားသွားခဲ့သည်။

နိုင်ငံအချင်းချင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရာတွင် အာဆီယံ၊ အာဖရိကသမဂ္ဂ၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲနှင့် အရှေ့အာရှထိပ်သီးညီလာခံများ စသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲများ၊ ညီလာခံများသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

အာရှတိုက်နှင့် အာဖရိက တိုက်ကြီးနှစ်တိုက်အကြား မိတ်ဖက်သစ်နိုင်ငံများ၏ ဆွေးနွေးညှိနှိုင်းခြင်းမှ ပေါ်ထွက်လာသည့် အောင်မြင်မှုများကို နိုင်ငံပြည်သူအချင်းချင်း ဆက်ဆံမှုက ပိုမိုအထောက်အကူပြုလာမည် ဖြစ်သည်။ ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံတွင် မဟာဗျူဟာမိတ်ဖက်သစ်ထူထောင်ရန်နှင့် ဘန်ဒေါင်းအသိစိတ်ဓာတ်ရှင်သန်စေရန် မြန်မာနိုင်ငံက အပြည့်အဝထောက်ခံခဲ့ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ဘန်ဒေါင်းအခြေခံမူကြီးများကို လိုက်နာရင်း နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရှင်သန်စေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ဘန်ဒေါင်းညီလာခံက ချမှတ်ထားသော အခြေခံမူ (၁၀)ချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးအတွက် အစဉ် တန်ဖိုးထားရမည့် မူကြီးများဖြစ်ကြသည်။ ဘန်ဒေါင်းအသိစိတ်ဓာတ်သည် ဒေသနှစ်ခုအကြား နိုင်ငံအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အင်အားတစ်ရပ်ပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ အာရှ-အာဖရိကထိပ်သီးညီလာခံသို့နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ခဲ့ခြင်းသည် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု တိုးတက်ရှင်သန်ရေး၊ မဟာဗျူဟာ မိတ်ဖက်သစ် ထူထောင်ရေးနှင့် ဘန်ဒေါင်းအသိစိတ်ဓာတ်ပြန်လည်ရှင်သန်စေရေးတို့ကို ပိုမိုတိုးပွား ရှင်သန်လာစေမည်ဟု ယုံကြည်ကြောင်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်ရေတွင်းခုံးကျော်တံတား ကွန်ကရစ်သံပေါင်ရက်မတင်မင်္ဂလာကျင်းပ

ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ အချိန်တိုအတွင်း အလွယ်တကူသွားလာနိုင်

ရန်ကုန် ဧပြီ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက် ၈ နာရီခွဲက မြန်မာ့မီးရထားမှ တည်ဆောက်လျက်ရှိသော ကျောက်ရေတွင်းခုံးကျော်တံတား ကွန်ကရစ်သံပေါင် ရက်မဆက်သွယ်တင်မည့်အခမ်းအနားသို့ ရောက်ရှိလာကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

နံ့သာရည်များပက်ဖျန်း

ထို့နောက်ဝန်ကြီး၊ မြို့တော်ဝန်၊ဒုတိယဝန်ကြီး၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိဌာနဆိုင်ရာ အကြီးအကဲများသည် တံတားတိုင် (PIER)အမှတ်(၄)နှင့်(၅)သို့ ဆက်သွယ်တင်မည့် ကွန်ကရစ်သံပေါင် ရက်မကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်သွယ်တင်ဆောင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မင်္ဂလာအချိန်ကျရောက်သည်နှင့် ကွန်ကရစ်သံပေါင် ရက်မတင်ရန်အချက်ပေးသဖြင့် ကွန်ကရစ်သံပေါင်ရက်မကို တံတားတိုင် (PIER) အမှတ်(၄)နှင့်(၅) သို့ ဆက်သွယ်တင်ဆောင်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက်ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကျောက်ရေတွင်းခုံးကျော်တံတား တည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး **(အပေါ်ပုံ)**လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါ ကျောက်ရေတွင်းခုံးကျော်တံတားသည် ရန်ကုန်မြို့တွင်းမှ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်များသို့ ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ အချိန်တိုအတွင်း အလွယ်တကူ သွားလာနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ပြီး သတ်မှတ်ကာလထက်စော၍ ပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှူတော် တရားပွဲ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အာနန္ဒာဘုရားအနီး (ဆ/ခ)ရပ်ကွက် အရိယဝံသကျောင်းတိုက်၌ ကျောင်းတိုက် ဆရာတော်၏ မယ်တော် ဒေါ်အုန်းမြအား ရည်စူး၍ တစ်လပြည့် အလှူတော်တရားပွဲကို ဧပြီ ၂၉ရက် (သောကြာနေ့) တွင် ဘိုကလေး အရှင်ပဏ္ဍိတ (ဓမ္မာစရိယ၊ M.A,Dip in Eng သီရိလင်္ကာဆရာတော်) နှင့် ဧပြီ၃၀ရက်(စနေနေ့)တွင် ဒေါက်တာ အရှင်ကောဝိဒ (တက္ကသီလဓမ္မာစရိယ၊ Ph. D မဇ္ဈိမဂုဏ်ရည် ဆရာတော်) အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှ စ၍ တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားတော်နာကြွရောက်ကြရန် ကျောင်းဒါယကာများ အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Linear Programming II (ဒုတိယနှစ်-စီးပွားစီမံ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ ကြမ္မာ"** (အပိုင်း-၁၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သူ့ရဲကောင်းများ ထွန်းကားသည်"**(အပိုင်း-၁)

✡ **ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်အတူ Coordination Minister of Politics, Law and Security Adm(Rtd) Widodo, A.S. Minister of State Secretary Prof. Dr.°Yusril Ihza Manhendra, Cabinet Secretary Lt.Gen(Rtd) Sudhi Silalahi တို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့နှစ်နိုင်ငံချစ်ကြည်

ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အင်ဒိုနီးရှားသမ္မတ နိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနို နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center **ရှိ ညှိခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဘီးယားနှင့်မွန်တီနီဂရိုး အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဘီးယားနှင့်မွန်တီနီဂရိုးနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဗာ၊ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရသည့်အချိန်ကတည်းက ရှိခဲ့ကြပါကြောင်း။

အတူလက်တွဲဆောင်ရွက်ခဲ့

၁၉၅၅ခုနှစ် ပထမအကြိမ် ဘန်ဒေါင်းညီလာခံကြီးကျင်းပစဉ်ကလည်း အတူလက်တွဲဆောင်ရွက်ခဲ့ကြပါကြောင်း။

ယင်းအချိန်က မြန်မာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့က အာရှ-အာဖရိကဒေသနှစ်ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နောက်ဆုံးဘန်ဒေါင်းမူကြီး များကို ချမှတ်နိုင်ခဲ့ကြကြောင်း။

ရှင်သန်တိုးတက်

ထို့ကြောင့် နှစ်နိုင်ငံချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ရှင်သန်တိုးတက်နေမည်ဖြစ်ပါကြောင်း၊ ထိုသို့ ယုံကြည်သည့်အတိုင်း မိမိတို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆွေးနွေးရာ၌ ဤထိပ်သီး ညီလာခံကြီးသို့ တက် ရောက်ရန် ဖိတ်ကြားခြင်းအတွက်လည်းကောင်း၊ အဆွေတော်သမ္မတကြီးနှင့် တွေ့ဆုံရသည့်အတွက်ကြောင့်လည်းကောင်း ဝမ်းသာကျေးဇူးတင်ပါကြောင်း။

ဘန်ဒေါင်းအသိစိတ်ဓာတ်

ဤအရေးကြီးသည့်ညီလာခံကြီးကို လက်ခံကျင်းပနိုင်ခြင်းအတွက် ချီးကျူး လိုပါကြောင်း၊ ညီလာခံကြီးနှင့်စပ်လျဉ်း၍ စီမံထားမှုများမှာ အထူးကောင်းမွန် ပါကြောင်း၊ အာရှ-အာဖရိကတိုက်ကြီးနှစ်ခု ယခင်ကကဲ့သို့ပူးပေါင်းဆောင်ရွက် ပြီး ဘန်ဒေါင်းအသိစိတ်ဓာတ် ဆက်လက်ရှင်သန်သွားမည်ဟု မိမိယုံကြည် ပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် သမိုင်းဝင် ဤထိပ်သီးညီလာခံကြီးကို ထပ်မံ ကျင်းပနိုင်ရေးအတွက် ဦးဆောင်နိုင်ခြင်း၊ အာရှနိုင်ငံများအကျိုးအတွက် တက်တက်ကြွကြွဆောင်ရွက်နေခြင်းများကိုတွေ့ရ၍ အားရကျေနပ်မိပါကြောင်း၊ အဆွေတော်သမ္မတကြီးလက်ထက်တွင် ဆက်လက်တိုးတက်ပြီး ထက်ထက် မြက်မြက် ဦးဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံငယ်များအနေဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ သို့ပါ၍ အာရှ-အာဖရိကနိုင်ငံများ ပူးပေါင်း ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း။

ကြိုးပမ်းရုန်းကန်ခဲ့ရ

မိမိတို့နိုင်ငံနှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ရှိပြီဖြစ် ကြောင်း၊ လွတ်လပ်ရေးရရှိသော်လည်း ပြည်တွင်းသောင်းကျန်းမှု အန္တရာယ် ကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရကြောင်း၊ ကြိုးပမ်းရုန်းကန်ခဲ့ရသည်မှာ ယနေ့ အထိဖြစ်ပါကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အချို့က နားလည်သဘောပေါက် သော်လည်း အချို့က အထင်မှား၊ အမြင်မှားဖြစ်ခဲ့ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ဆက်စပ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုက ဆွေးနွေးပြောကြားရာတွင် အာရှ-အာဖရိက ညီလာခံ အပေါ် ပြောကြားချက်များနှင့် မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

စစ်မှန်သောမိတ်ဆွေ

အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ စစ်မှန်သော မိတ်ဆွေဖြစ်ပါ ကြောင်း၊ လာအိုနှင့်အင်ဒိုနီးရှားနိုင်ငံတို့၌ မကြာမီက ကျင်းပခဲ့သည့် အစည်း အဝေးများတွင်လည်း မိမိနှင့်မြန်မာဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း။

ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များအဆက်မပြတ် တွေ့နေခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရန်အတွက် အထောက်အကူပြု သည့်အပြင် နှစ်နိုင်ငံခေါင်းဆောင်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင် မည်ဖြစ်ပါကြောင်း။

ထောက်ခံအားပေး

နိုင်ငံတစ်နိုင်ငံတွင် အမျိုးသားလုံခြုံရေး အရေးကြီးသည်ကို မိမိနားလည် သဘောပေါက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအတွက် ကြိုးပမ်း ဆောင်ရွက်နေမှုများကို ထောက်ခံအားပေးပါကြောင်း၊ ယင်းသို့ပြုပြင် ပြောင်းလဲ မှုမျိုးကို အင်ဒိုနီးရှားနိုင်ငံ၌လည်း ဆောင်ရွက်နေပါကြောင်း။

မိမိတို့အနေဖြင့် ယင်းသို့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်ကို ကမ္ဘာကသိအောင် ဖော်ထုတ်ရန်လိုကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌လည်း ယခင်က အလားတူ အခက်အခဲ ဒုက္ခများရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံ တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်းနှင့်ပတ်သက်၍ မိမိအား အခြားကမ္ဘာ့ခေါင်းဆောင်များက မေးမြန်းသည့်အခါ မိမိက မြန်မာ နိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ကို အားပေးထောက်ခံရန် လိုကြောင်း၊ မြန်မာနိုင်ငံတော်နှင့်ထိတွေ့ဆက်ဆံရန်လိုကြောင်းတို့ကို ပြောကြား ခဲ့ကြောင်း။

အာဆီယံအဖွဲ့ကြီး၏အကျိုး

မြန်မာနိုင်ငံ၏ အခြေအနေကိုအားလုံးသိရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးသည် အင်ဒိုနီးရှားနိုင်ငံ၏ အကျိုးဖြစ်ပြီး အာဆီယံအဖွဲ့ကြီး၏ အကျိုးလည်းဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ဆက်လက်ထိတွေ့ဆက်ဆံမှုများပြုလုပ်ပြီး မိမိတို့ တိုင်းပြည်များအား ကမ္ဘာကြီးနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းတည်ဆောက် သွားရန်လိုကြောင်း။

စွက်ဖက်မည်မဟုတ်

ထို့ပြင် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက စွက်ဖက်ရန် မသင့် ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မည် မဟုတ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ရင်းရင်း နှီးနှီးနီးကပ်စွာ ဆက်လက်ပူးပေါင်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	ကာယဗလလေ့ကျင့်နည်းစနစ်
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်းသတင်း
၇း၃၅	ပိုက်ဆက်အတတ်ပညာ
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	အိုင်အိုဒင်းနှင့် ကျန်းမာရေး
၇း၅၅	နိုင်ငံတကာသတင်း
၈း၀၀	ထင်ရှားကျော်ကြား အနုပညာ ပုလဲပန်းများ
၈း၃၅	ရွှေလောင်းတံတား
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ပြည်တွင်းသတင်း
၈း၅၅	ခံစားရင်းစံစားပါ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ကျော်ဟိန်းရဲ့သီချင်းပြဇာတ်
၉း၅၅	နိုင်ငံတကာသတင်း
၁၀း၀၀	ဆပ်ပြာစက်ရုံ (မန္တလေး)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ကယားဝတ်စားဆင်ယင်မှု ပြကွက်
၁၀း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်သမ္မတနှင့် ကုလအတွင်းရေးမှူးချုပ် တွေ့ဆုံ ကမ္ဘာ့အရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေး

ဂျကာတာ ဧပြီ ၂၅

တရုတ်သမ္မတဟူကျင်တောင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ဂျကာတာတွင် စနေနေ့က တွေ့ဆုံပြီး ကမ္ဘာ့အရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ဟူကျင်တောင်နှင့် ကိုဖီအာနန်တို့နှစ်ဦးသည် စနေနေ့၌ ပြီးဆုံးသွားခဲ့သော အာရှ– အာဖရိကထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။ အာရှ– အာဖရိက ထိပ်သီးအစည်းအဝေးသည် တိုက်ကြီးနှစ်တိုက်ကြား မဟာဗျူဟာ ပေါင်းဖော်ဖက်ထူထောင်မှု ကြေညာချက်တစ်ရပ်ကို ထောက်ခံအတည်ပြုပြီးနောက် စနေနေ့၌ ပြီးဆုံးသွားခဲ့သည်။

ပြသ

ထိပ်သီးအစည်းအဝေးသည် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း မစ္စတာဟူနှင့်အာနန်တို့နှစ်ဦးက ချီးကျူးပြောကြားခဲ့ကြပြီး ထိပ်သီးညီလာခံသည် အာရှနှင့် အာဖရိကကြား ပေါင်းစည်းညီညွတ်မှုကိုပြသခဲ့ကြောင်း ပြောကြားကြသည်။ ကုလသမဂ္ဂပြန်လည်ဖွဲ့စည်းမှု အစီအစဉ်နှင့် စပ်လျဉ်း၍ ဟူကျင်တောင်အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အကျဉ်းချုပ်ပြောဆိုပြီး တရုတ်နိုင်ငံက မိမိအားထောက်ခံမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဆောင်ရွက်သင့်

ကမ္ဘာ့ငြိမ်းရေးထိန်းသိမ်းမှုနှင့် အများဖွံ့ဖြိုးတိုးတက်မှုကို ရှင်သန်တိုးတက်စေမှုအပြင် နိုင်ငံတကာအရေးကိစ္စများတွင် ကုလသမဂ္ဂ၏ မရှိမဖြစ် အခန်းကဏ္ဍက ဆောင်ရွက်မှုကို သမ္မတဟူကျင်တောင်က ချီးကျူးပြောကြားသည်။ နိုင်ငံတကာ အရေးကိစ္စများတွင် ကုလသမဂ္ဂသည် ပိုမိုကြီးမားသော အခန်းကဏ္ဍမှ ဆောင်ရွက်သင့်ကြောင်းနှင့် နှစ်နိုင်ငံနှင့် နိုင်ငံစုံနယ်ပယ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကြိုးပမ်းအားထုတ်မှုများကို မိမိတို့ထောက်ခံကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကုလ ချစ်ကြည်ရေးသံတမန် သရုပ်ဆောင်ဂျက်ကီချန်း ဗီယက်နမ်၌ အေအိုင်ဒီအက်စ် ပညာပေးလုပ်ငန်းဆောင်ရွက်

ဟောလောင်စီးတီး ဧပြီ ၂၅

ရုပ်ရှင်သရုပ်ဆောင်ဂျက်ကီချန်းသည်အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကူးစက်နှုန်းနှင့် ပတ်သက်၍ စိုးရိမ်စရာရှိကြောင်း ကျန်းမာရေးကျွမ်းကျင် ပညာရှင်များက သတိပေးထားသည့် ဗီယက်နမ်နိုင်ငံ၌ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကို ပိုမိုသတိရှိကြစေရန် စနေနေ့က လှုပ်ရှားဆောင်ရွက်ခဲ့သည်။

တက်ရောက်

ဂျက်ကီချန်း(၅၁)နှစ်သည် ကုလသမဂ္ဂ၏ ချစ်ကြည်ရေးသံတမန်အဖြစ် ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ချန်းသည် အများပြည်သူ ကျန်းမာရေးဌာနသို့ သွားရောက်လည်ပတ်ခဲ့ပြီး ကွမ်ညင်းပြည်နယ်ရှိ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရှိသည့်မိသားစုဝင်များ ပြုစုစောင့်ရှောက်ရေး အထောက်အကူပြုအုပ်စု အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အသိပညာပေးမည်

ယူအွန်ဘီခရိုင်ရှိ ဆေးခန်းတစ်ခု၌ ဆေးစစ်ချက်ခံယူရန် တန်းစီစောင့်ဆိုင်းနေကြသော ကိုယ်ဝန်ဆောင်မိခင်များအနက် တစ်ဦးအား ဂျက်ကီချန်းက မပူပန်ရန်နှင့် ဆရာဝန်ကစောင့်ရှောက်ကုသပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် ယူနီဆက်က ပထမဆုံးဆောင်ရွက်သည့် အစီအစဉ်အရ ကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်မိခင်များအား ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးခြင်း ဆွေးနွေးအကြံပြုခြင်းများ ပြုလုပ်ပေးမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံကဲ့သို့ ဆင်းရဲသောနိုင်ငံများတွင် ရောဂါကူးစက်ထားသူများ တတ်နိုင်သောဆေးဝါးကုသမှုရရှိရန် ပိုမိုလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ဂျက်ကီချန်းက ပြောကြားသည်။ **(အင်တာနက်)**

ရှန်ဟဲမြို့ ဈေးတစ်ဈေးတွင် အရောင်အဆင်းစုံလင်သော အထည်အလိပ်များကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။ (တရုတ်၏ အထည်အလိပ်များကို ဥရောပ ဈေးကွက်သို့ လာမည့် သီတင်းပတ်မှစ၍ တင်ပို့နိုင်တော့မည်ဖြစ်သည်။)

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အနောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၅

ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်တွင် စနေနေ့က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင် ၂၀လည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် အီရတ်အရပ်သားများလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရ

ပြီးခဲ့သည့် စနေနေ့ကလည်း ဘဂ္ဂဒက်လေဆိပ်သို့ သွားသည့် လမ်းမပေါ်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုအနီးဗုံးပေါက်ကွဲမှုတစ်ရပ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအပါအဝင် အီရတ်အရပ်သား ၁၀ဦး ဒဏ်ရာရရှိခဲ့ပြီး အီရတ်အရပ်သား တစ်ဦးသေဆုံးခဲ့ရသည်။ ထို့အပြင် ဘာဆာရာမြို့တွင်လည်း ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနီးရှိ အီရတ်အရပ်သား နှစ်ဦးနှင့် အီရတ်ကလေးငယ်နှစ်ဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ပြီးခဲ့သည့် သောကြာနေ့ကလည်း ဘဂ္ဂဒက်မြို့ အရှေ့မြောက် ဘက်ရှိ ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် အီရတ်အရပ်သား နှစ်ဦး သေဆုံးခဲ့ရကြောင်းလည်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

တရုတ်၌ အစားအစာထုတ်လုပ်မှုများ ကျန်းမာရေးညီ မညီ စစ်ဆေးမည်

ပေကျင်း ဧပြီ ၂၅

တရုတ်နိုင်ငံတွင် ၂၀၀၅ခုနှစ်၌ အစားအစာအမျိုးအစား ငါးမျိုးအပေါ်တွင် စစ်ဆေးမှုများ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ယင်းသို့ဆောင်ရွက်ခြင်းသည် အစားအစာအဆိပ်သင့်မှုနှင့် အန္တရာယ်ဖြစ်မှုများကို လျော့ကျသွားစေရန် ဖြစ်ကြောင်း သိရသည်။

စစ်ဆေးမည်

တရုတ်နိုင်ငံရှိ အဓိကမြို့ကြီး ၃၆မြို့တွင်ရှိသော ကျန်းမာရေးရုံးခွဲများသို့ ပြီးခဲ့သည့်ကြာသပတေးနေ့က ညွှန်ကြားချက် ပေးပို့ရာတွင် နို့နှင့် နို့ထွက်ကုန်ပစ္စည်းများ၊ ချက်ပြုတ်ပြီး အသားများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် အဖျော်ယမကာများ ထုတ်လုပ်ရောင်းချရာတွင် ကျန်းမာရေးနှင့်အညီ ထုတ်လုပ်ထားခြင်း ရှိမရှိကို ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက စစ်ဆေးသွားကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မျှော်လင့်

အဆိုပါစစ်ဆေးမှုသည် အစားအသောက်ထုတ်လုပ်သည့် ကုမ္ပဏီအားလုံး၏ အနည်းဆုံး၉၅ရာခိုင်နှုန်းကို စစ်ဆေးသွားနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို ဧပြီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာတွင်ဆေးဖက်ဝင်အပင်များ၏ ထိပ်တန်းအရင်းအမြစ်တစ်နိုင်ငံ ထိုင်းနိုင်ငံဖြစ်ကြောင်း ဒုတိယကျန်းမာရေးဝန်ကြီး ပြောကြား

ဗန်ကောက် ဧပြီ ၂၅

ထိုင်းနိုင်ငံသည် ကမ္ဘာတွင် ဆေးဖက်ဝင်အပင်များ၏ ထိပ်တန်းအရင်းအမြစ် တစ်နိုင်ငံဖြစ်ကြောင်း ဗန်ကောက်တွင်ကျင်းပသည့်ညီလာခံသို့ စုစည်းရောက်ရှိနေကြသော ဆေးဖက်ဝင်အပင်တို့ဖြင့်ဖော်စပ်သော ဆေးဝါးထုတ်လုပ်သူများအား ထိုင်းကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာနူတင်ချန်ဗီရာကူက ပြောကြားလိုက်သည်။

ကမ္ဘာ့ဆေးဖက်ဝင်အပင်တို့ဖြင့် ဖော်စပ်သောဆေးဝါး၏ အကျိုးကျေးဇူးကို ရယူရန်အတွက် သုတေသနနှင့် တီထွင်မှု အရေးတကြီးလိုအပ်ကြောင်း ပြောကြားပြီး ဆေးဖက်ဝင်အပင်တို့ဖြင့် ဖော်စပ်သော ဆေးဝါးတင်ပို့ရောင်းချခြင်းသည် ခေတ်မီဆေးဝါးများတင်သွင်းမှုအတွက် ဘဏ္ဍာငွေကို အစားပြန်ပေးရန် အထောက်အကူဖြစ်နိုင်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

စီစဉ်ထား

၂၀၀၂ခုနှစ်တွင်ထိုင်းနိုင်ငံသည် ဆေးဖက်ဝင်အပင်မှ ဘတ်ငွေ ဘီလီယံ ၄၀ခန့် ဝင်ငွေရရှိခဲ့ပြီး ယခုနှစ်၌ ထိုင်းဆေးဖက်ဝင်အပင် တင်ပို့မှုလုပ်ငန်းစဉ်နှင့် ထုတ်လုပ်မှု တိုးတက်စေရန် ဝန်ကြီးဌာနက စီစဉ်ထားသည်။

မျှော်လင့်ထား

ဆေးဖက်ဝင်အပင် ပြည်တွင်းရောင်းချမှုမှ နှစ်စဉ် ဘတ်ငွေ ၁၁ဘီလီယံနှင့် တင်ပို့မှုမှ ဘတ်ငွေ ၃၂ဘီလီယံ ရရှိရန် ဝန်ကြီးဌာနက မျှော်လင့်ထားသည်။

တိုက်တွန်း

နိုင်ငံတကာဆိုင်ရာ အသိအမှတ်ပြု အရည်အသွေးပြည့်မီသောပစ္စည်း ထုတ်လုပ်ရေးမူများနှင့်အညီ ဖြစ်စေရန် ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်သော ဆေးဝါးထုတ်လုပ်သူများအား အစားအစာနှင့် ဆေးဝါးအုပ်ချုပ်ရေးဌာန (အက်ဖ်ဒီအေ)က လောလောဆယ်၌ တိုက်တွန်းထားသည်။

(အင်တာနက်)

ကိုကိုးကျွန်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိသူများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ နယ်မြေခံတပ်သို့သွားရောက်၍ ကိုကိုးကျွန်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကြိုဆိုနှုတ်ဆက်သည်။

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏စီစဉ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာထွန်းဦး၊ သမားတော်ကြီး တွဲဖက်ပါမောက္ခ(ဆေးပညာ)ဒေါက်တာချစ်စိုး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှတို့ ဦးဆောင်သော အထူးကုဆရာဝန်ကြီးကိုးဦး၊ ကျန်းမာရေးဝန်ထမ်း ခြောက်ဦးတို့သည် ဧပြီ ၂၃ ရက်တွင် ရေယာဉ်ဖြင့် ကိုကိုးကျွန်းမြို့နယ်သို့သွားရောက်၍ မြို့နယ်နေ ပြည်သူများအား သားဖွားမီးယပ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ကလေးနှင့် အထွေထွေရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျ စမ်းသပ်စစ်ဆေးကုသပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဆားဘီးယားနှင့် မွန်တီနီဂရိုး အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့်မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ သမ္မတ မစ္စတာဆဗက်တိုဗာ၊ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တရားပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင် အာစာရလင်္ကာရအရှင်မြတ်သည် ဧပြီ ၂၇ ရက်တွင် ကျိုက်ထီးရိုးရင်ပြင်တော်၊ ၂၈ ရက်တွင်တောင်စွန်းမြို့ အထူးတရားပွဲ၊ ၂၉ ရက်နှင့် ၃၀ ရက်တွင် ဒေးဒရဲမြို့နယ် ထနီးပတ်ရွာ၊ မေ ၁ ရက်နှင့် ၂ ရက်တွင် ဒေးဒရဲမြို့ပေါ် ရွှေဘုန်းပွင့်ရွှေဘုန်းမြင့်ဘုရားသံတန်ဆောင်း၊ ၅၊ ၆ နှင့် ၇ ရက်များတွင် မိတ္ထီလာမြို့၊ ၉ ရက်မှ ၂၂ရက် အထိ ကော့မှူးမြို့နယ် ကရင်ချောင်းရွာ၊ ရေကျော်ရွာ၊ ကျိုက်ထော်ရွာ၊ မှော်တောရွာ၊ ထန်းမနိုင်ရွာ၊ ညောင်ပင်သာရွာ၊ ကော့မှူးမြို့ပေါ်နှင့် ၂၃ရက်တွင် ကွမ်းခြံကုန်းမြို့ ညောင်ငူစလင်းတောရ မိုးကုတ်ရိပ်သာတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သည့် ဆားဘီးယားနှင့်မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗု(ခ်)၊ ဒရာစကိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိ အာရှ–ဥရောပဘဏ္ဍာရေး ဒုတိယဝန်ကြီးများအစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် ဧပြီ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xi'am မြို့၌ ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပသည့် ၂၀၀၅ ခုနှစ် အာရှ–ဥရောပဘဏ္ဍာရေး ဒုတိယဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီတွင် The Sofitel Convention Centre ၌ကျင်းပရာ အစည်းအဝေးသဘာပတိအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Li Yong က ဆောင်ရွက်ပြီး အာရှ–ဥရောပ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

အစည်းအဝေးတွင် အာရှ–ဥရောပ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများအစည်းအဝေး ဆောင်ရွက်မှု အခြေအနေ၊ စီးပွားရေးအခြေအနေနှင့် အလားအလာများ၊ စီးပွားရေးပြုပြင်တည်ဆောက်မှုအခြေအနေများ၊ ဆူနာမီရေဘေး အခြေအနေကိုသုံးသပ်ခြင်းနှင့် အနာဂတ်တွင် တုံ့ပြန်မှုအလားအလာများကို သုံးသပ်ဆွေးနွေးပြီး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ထို့နောက်အာရှ–ဥရောပ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများ အမှတ် တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ အာရှ–ဥရောပ ထိပ်သီးအစည်းအဝေး၏ယန္တရားတွင် အာရှ–ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၏ အခန်းကဏ္ဍ ပိုမိုခိုင်မာကောင်းမွန်လာစေရေး၊ ဘဏ္ဍာရေးဝန်ကြီးများ တိုးမြှင့်ပါဝင်လာစေရန် ပူးပေါင်း ဆောင်ရွက်ရေး၊ အာရှ–ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ပိုမို ထိရောက်စွာ စွမ်းဆောင်နိုင်ရေးနှင့် အာရှနှင့် ဥရောပ နိုင်ငံများကြား စီးပွားရေးနှင့် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် လာမည့် ဇွန်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin မြို့၌ ကျင်းပမည့် အာရှ–ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး အစီအစဉ်နှင့် အကြောင်းအရာတို့ကို ကြိုတင်ပြင်ဆင်ညှိနှိုင်းမှုများ ဆောင်ရွက်ကြသည်။ ညပိုင်းတွင် Tang Paradise, Imperial Banquet Hall ၌ Shaanxi ပြည်နယ်အစိုးရက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ၂၄ ရက် မွန်းလွဲပိုင်းတွင် တရုတ်လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ဝဲပုံ)** ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးနေအေးလည်း ပြန်လည် လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စာအနုအလှ

ရန်ကုန် ဧပြီ ၂၆

အားကောင်းသော၊ ရှင်းလင်းပြတ်သားသော၊ နုသော လှသော အင်္ဂလိပ်စာကို သတင်းခေါင်းစဉ်များ၌ တွေ့ရလေ့ရှိသည်။ နှစ်နှစ်တာကာလအီရတ် ဖြစ်ရပ်များမှ သုတေသနပြုရွေးချယ်ကာ အင်္ဂလိပ်–မြန်မာသတင်းခေါင်းစဉ် ၅၀၀ ခန့်ကို စုစည်းထားသည်။ **(အောက်ပုံ)**



မောင်မောင်အေး(The New Light of Myanmar)၏ 'အနုအလှသုတစုံသတင်းခေါင်းစဉ်များ' စာအုပ်ကို ရန်ကုန်မြို့ အမှတ် ၁၈၀ ဆူးလေဘုရားလမ်း မျိုးဆက်သစ်စာပေက တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ ရောင်းဈေးကျပ် ၆၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

လယ်ယာထွက်ကုန်မဟုတ်သော ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာ အာရှ–ပစိဖိတ်ဒေသတွင်းဆွေးနွေး

ရန်ကုန် ဧပြီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် လယ်ယာထွက်ကုန်မဟုတ်သော ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာ အာရှ–ပစိဖိတ်ဒေသတွင်း ဆွေးနွေးပွဲ(WTO/UNESCAP Regional Seminar on Non-Agricultural Market Access Negotiations for Asian and the Pacific Countries) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်နှင့် အာရှ–ပစိဖိတ်ဒေသအတွင်း နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ Counsellor Mr. Tang Xiaobing နှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ Economic Affairs Officer Mr. Marc Proksch တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဆွေးနွေးပွဲကို အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံပေါင်း ၂၀မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၂၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၆၃၁၇)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မုံးဝီးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ အစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၂၆

ရုပ်မြင်သံကြားတိုးချဲ့ ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မုံးဝီးတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် ဧပြီ ၁၆ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့ပြီး အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လိုင်းနံပါတ် ၉ ဖြင့် ဧပြီ ၁၇ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီအသွင်ကူးပြောင်းရေးမူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိ ဤအချိန်အခါတွင်ဖိအားပေးမှုများကြောင့်လုပ်ကိုင်ဆောင်ရွက်ရာတွင်ခက်ခဲမှုများရှိနေ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို မိမိအပြောမဟုတ်ဘဲ ကိုယ်တိုင်လက်တွေ့လာရောက်ကြည့်ရှုစေလို

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အမျိုးသားညီလာခံကျင်းပပြီးဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်ကြိုးပမ်းနေသည်ကိုသိရ၍ဝမ်းသာ ပြည်ပသတင်းဌာနအချို့ဝေဖန်မှုကြောင့် အထင်လွဲမှုများရှိနေ၊ ကုလသမဂ္ဂသည်မြန်မာနိုင်ငံ၏မိတ်ဆွေသာဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းကမြန်မာနိုင်ငံ၏ကြိုးပမ်းမှုများအတွက်ကူညီသင့်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီ အေ၊ အာနန်

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီ အေ၊ အာနန်အား ဧပြီ၂၃ ရက် မွန်းလွဲ၁၂နာရီ ၁၀မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center ရှိ အခန်းအမှတ်(၄)၌ တွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ၊ အာနန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center အခန်းအမှတ်(၄)၌ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက်ဗိုလ်ချုပ်နေဝင်း၊အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Mr.Brahimi၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr.Razali Ismail နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာကိုဖီ အေ၊ အာနန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းသာပါကြောင်း၊ အဆွေတော်အနေဖြင့် ပြောကြားလိုသည်များကို ပြောကြားရန်ဖိတ်ခေါ်ပါကြောင်းဖြင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော်ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အား တွေ့ဆုံရသည်မှာ ဆွေမျိုးရင်းချာနှင့်တွေ့ရသကဲ့သို့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဆွေတော်နှင့် ဆုံတွေ့ခိုက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားလိုပါကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိရာ ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကိုကျင်းပနေပါကြောင်း၊ ယင်းညီလာခံတွင် ဆွေးနွေးသဘောတူရရှိသည့် အခြေခံမူများအပေါ်မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲမှာဖြစ်ပါကြောင်း။

ပြည်သူ့ဆန္ဒခံယူ

အဆိုပါမူကြမ်းကို ပြည်သူ့ဆန္ဒခံယူလျက် အတည်ပြုသွားရန်ရှိပါကြောင်း၊ ယင်းနောက် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပပြီး နိုင်ငံတော်အစိုးရအဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းမှာဖြစ်ပါကြောင်း။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံကို ပထမအကြိမ်ကျင်းပခဲ့ပါကြောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ဗမာဖြစ်၍ အများစုဖြစ်ပါကြောင်း၊ သို့ရာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်အားလုံးတွင် ဗမာက ၄၀ ရာခိုင်နှုန်းသာပါပြီး အခြားတိုင်းရင်းသားလူမျိုးစုများက ၆၀ ရာခိုင်နှုန်း ပါဝင်ပါကြောင်း။

ပါဝင်တက်ရောက်

ထို့အပြင် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသည့် လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ခုမှ ကိုယ်စားလှယ်များလည်း အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်လျက်ရှိပါကြောင်း။

ပြည်နယ် ခုနစ်ခု၊ တိုင်း ခုနစ်တိုင်းအပြင် လူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုကိုလည်း ပေးထားပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

27-4 (06).p65 1 3/24/05, 7:47 PM

စာမျက်နှာ ၆ မှ

အမျိုးသားညီလာခံ ပထမအကြိမ်ကျင်းပရာတွင် ဥပဒေပြုရေးကို အသေးစိတ် အကျေအလည်ဆွေးနွေးခဲ့ပြီး ဗဟို၊ ပြည်နယ်၊ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအကြား ဥပဒေပြုရေးအစီအစဉ်များကို သဘောတူညီခဲ့ကြပါကြောင်း၊ ယင်းနောက် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ နှစ်ရပ်ကို ဆွေးနွေးခဲ့ကြပါကြောင်း။

အလုပ်ခွင်ရပ်နားချိန်

အမျိုးသားညီလာခံ ဒုတိယအကြိမ်ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့အထိ ကျင်းပခဲ့ပြီး အမျိုးသားညီလာခံ တတိယအကြိမ်ကို လာမည့်ပွင့်လင်းရာသီတွင် ဆက်လက်ကျင်းပရန်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ တောင်သူလယ်သမားများဖြစ်ကြသဖြင့် ယင်းတို့အလုပ်ခွင်ရပ်နားချိန်တွင် ကျင်းပရခြင်းဖြစ်ပါကြောင်း။

အဆိုပါ အမျိုးသားညီလာခံ တတိယအကြိမ်ကျင်းပရာ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ခွဲဝေရန်အတွက် အခြေခံမူများ သဘောတူချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်ရန်များစွာ ကျန်ရှိနေသေးပါကြောင်း။

အလေးထားဆောင်ရွက်

မြန်မာနိုင်ငံ သမိုင်းကြောင်းကို အနည်းငယ် ပြောကြားလိုကြောင်း၊ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် သုံးလအတွင်း ပြည်တွင်း လက်နက်ကိုင်ဆန့်ကျင်မှုများ စတင်ပေါ်ပေါက်ခဲ့ရပါကြောင်း၊ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်ခဲ့ပါကြောင်း၊ ယင်းနောက် တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာနှင့်စည်းစည်းလုံးလုံး အတူတကွ လက်တွဲနေထိုင်ရန် အလေးထားပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့ မိမိတို့ ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပြောကြားလိုပါကြောင်း၊ ယနေ့ မိမိတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အားလုံးတိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်တစ်ရပ်လုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်း(၃)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

ပထမ စီမံကိန်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါကြောင်း၊ ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ကျေးလက်ဒေသ ရေကောင်းရေသန့်ရရှိရေး၊ စိုက်ပျိုးရေးအတွက် ရေရရှိရေး၊ ကျေးလက်စီးပွားရေးတိုးတက်မြင့်မားရေးတို့ ဖြစ်ပါကြောင်း။

ဒုတိယ စီမံကိန်းမှာ မိမိတို့နိုင်ငံ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံသင်ခန်းစာများကို အခြေခံပြီး နိုင်ငံအတွင်း ညီမျှမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းကို ချမှတ်ဆောင်ရွက်နေပါကြောင်း။

ပညာရေးကဏ္ဍတွင် ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၅၆ ခုအထိ ရှိလာပြီဖြစ်ပါကြောင်း၊ ပြည်သူများ အသိပညာတိုးပွားမှသာ ဒီမိုကရေစီအရေး အောင်မြင်မည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများဖွံ့ဖြိုးရေး

တတိယ စီမံကိန်းမှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါကြောင်း၊ ယခင်က နောက်ကျ ကျန်နေခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြစ်ပါကြောင်း။

နိုင်ငံတော်ကြီး တစ်ခုလုံး တောင်ပေါ်မြေပြန့် နယ်စပ်နှင့်ကျေးလက်ဒေသများပါမကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းများချမှတ်ပြီး ဆက်စပ် အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်ပါကြောင်း။

လက်တွေ့လာရောက်ကြည့်ရှုစေလို

နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်များကို အားလပ်သည့်အခါ လာရောက်လေ့လာကြစေလိုပါကြောင်း၊ မိမိအပြောမဟုတ်ဘဲ ကိုယ်တိုင်လက်တွေ့လာရောက်ကြည့်ရှုစေလိုပါကြောင်း၊ မိမိတို့မှာ သဘောထားတင်းမာသူများ မဟုတ်ပါကြောင်း။

မိမိတို့အနေဖြင့် ယခင်က မဆောင်ရွက်ခဲ့သဖြင့် ခေတ်နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတော်ကြီးကို ယခုမှစ၍ပြန်လည်ထူထောင်ပေးနေခြင်း ဖြစ်ပါကြောင်း။

ခက်ခဲမှုများရှိနေ

ဤကဲ့သို့သော အချိန်အခါတွင် မိမိတို့အပေါ် ဖိအားပေးမှုများကြောင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ခက်ခဲမှုများရှိနေပါကြောင်း။

အဆွေတော် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီ အေ၊ အာနန်က ပြန်လည်ဆွေးနွေးရာတွင် ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်နေမှုများကို ပြည့်ပြည့်စုံစုံ ရှင်းပြသဖြင့် ကျေးဇူးတင်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသည်မှာ ထင်ရှားပါကြောင်း၊ ဝမ်းလည်းသာပါကြောင်း။

နားလည်သဘောပေါက်

နိုင်ငံရေးအပိုင်းတွင် အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ကြိုးပမ်းနေသည်ကို သိရသဖြင့် ဝမ်းသာပါကြောင်း၊ နားလည်သဘောပေါက်ပါကြောင်း။

မြန်မာနိုင်ငံပြည်သူပြည်သားများ အားလုံးနှင့် တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် ဆောင်ရွက်နေသည်ကို ယုံကြည်ပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့်လည်း ချီးကျူးပါကြောင်း။

အချို့ပြည်ပနိုင်ငံနှင့် သတင်းဌာနများအနေဖြင့် ဝေဖန်ပြောကြားမှုများ၊ အထင်လွဲမှားမှုများရှိနေပါကြောင်း၊ ယင်းသို့ပြောကြားချက်များကြောင့် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ရန်သူဟု ထင်မြင်သူများ ရှိပါကြောင်း။

ကူညီသင့်

အမှန်စင်စစ် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ရန်သူမဟုတ်ဘဲ မိတ်ဆွေသာဖြစ်ပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်ရန် ကြိုးပမ်းမှုများအတွက် ကူညီသင့်ပါကြောင်း။

မိမိအား မြန်မာနိုင်ငံသို့ လာရောက်ရန်ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ တစ်ချိန်ချိန်တွင် လာရောက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၅)ရပ်အား ကွင်းဆင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ မတည်စုစည်းပံ့ပိုးကူညီမှုဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၅၀ အကုန်အကျခံကာ ကျေးရွာ ၃၀တွင် သောက်သုံးရေ စက်ရေတွင်း ၃၀ ဆောင်ရွက်ပြီးစီးနေမှု၊ စုစုပေါင်းငွေကျပ်သိန်း ၁၃၅၀ ဖြင့် ကျေးရွာ၁၆ ရွာအတွက် အခြေခံပညာမူလတန်းကျောင်း ၁၆ ကျောင်း အသစ်ဆောက်လုပ်နေမှု၊ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းရစ်ကျောင်း၏ သင်ကြားမှု သင်ယူမှု အထောက်အကူပြု မာလ်တီမီဒီယာ အဆင့်(၃) တပ်ဆင်ရေးအတွက် စုစုပေါင်းငွေကျပ် သိန်း ၄၈၀ ဖြင့် ဆောင်ရွက်နေမှု၊ ကျေးရွာချင်းဆက် ကွန်ကရစ်တံတားသုံးစင်းအား စုစုပေါင်းငွေကျပ် သိန်း ၈၀၀ ဖြင့် ဆောက်လုပ်ပြီးစီးနေမှု၊ ပေါက်ပင်အေးရွာမှ ရွှေလှေမောင်းမ ကျေးရွာထိ မြေသားလမ်း ၅၅၂၈ ပေ ဖောက်လုပ်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားချက်များပေး

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်းမြို့နယ် ကွမ်မိုးဒိန်းစံပြကျေးရွာ သာသနဓဇတိက ဓမ္မာရုံသို့ရောက်ရှိ၍ ကွမ်မိုးဒိန်းဆရာတော်အား ဖူးမြော် ကြည်ညိုပြီး ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြလျှောက်ထားသည်။ ခရမ်းမြို့ တိလောကမဟာဝိဇယစေတီ ဘက်စုံပြန်လည်ပြုပြင် တည်ဆောက်မှုနှင့် ကျုံမရေကျေးရွာ လူကူးတံတား ပြန်လည်ပြုပြင်တည်ဆောက်ရမည့် အခြေအနေများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သော တည်ဆောက်မှုများ ပြုလုပ်နိုင်ရေး ညွှန်ကြားချက်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားကာ ကျေးရွာချင်းဆက် မြေသားလမ်းများ ဖောက်လုပ်ပြီးစီးမှု၊ သောက်သုံးရေ စက်ရေတွင်းအသစ် ၃၀ တွင်း တူးဖော်ပြီးစီးမှု၊ ကျေးရွာများ အတွင်း အခြေခံပညာမူလတန်းကျောင်း ၁၆ ကျောင်း အသစ်ဆောက်လုပ်ခြင်း အတွက် ပြီးစီးမှုရာခိုင်နှုန်း၊ အခြေခံပညာ အထက်တန်းအဆင့်ကျောင်းရစ်ကျောင်းတွင်မာလ်တီမီဒီယာအဆင့်(၃) တပ်ဆင်ရေးနှင့် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ခေတ်မှန်ရိုက်စက် အသစ် တပ်ဆင်မှုများကို တာဝန်ရှိသူ အသီးသီးက တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ညွှန်ကြားချက်ပေးသည်။ ပိုင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ကရင်စုကျေးရွာသို့ ရောက်ရှိပြီး မူလတန်းလွန်ကျောင်းသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ခရမ်းမြို့ ဘိုးဘွားရိပ်သာသို့ရောက်ရှိ၍ ဘိုးဘွားရိပ်သာ အတွင်း ဘက်စုံပြုပြင် ဆောင်ရွက်ရမည့် အခြေအနေနှင့် တည်ဆောက်ပြီးစီးသွားသည့် ခရမ်းချောင်းကူးတံတားကို ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ)

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးတိုင်း ကဝမြို့နယ်အတွင်းရှိ ရွှေလှေ ရေထိန်းတံခါးသို့ ရောက်ရှိ၍ လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ရေထိန်းတံခါးများ အရှည်တည်တံ့ခိုင်မြဲရေး၊ ရေယိုစိမ့်မှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းသွားရမည့် အခြေအနေများအား ဆွေးနွေးမှာကြားသည်။

ညစဉ်မီးအသုံးပြုနေမှု

ဆက်လက်၍ ရွှေလှေကျေးရွာဆေးပေးခန်းနှင့် အခြေခံ ပညာ မူလတန်းကျောင်း ဆောက်လုပ်ပြီးစီး သုံးစွဲနေမှုနှင့် ဝန်ကြီး၏ပံ့ပိုးမှုဖြင့် ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးအတွက်၂၀ကေဗွီအေမီးစက် လည်ပတ်ကာ ကျေးရွာတွင် ညစဉ် မီးအသုံးပြုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပိန်းကန်ကျေးရွာသို့ ရောက်ရှိပြီး ဝန်ကြီး၏ပံ့ပိုးမှုနှင့် ရပ်ရွာလူထု၏ထည့်ဝင်ငွေတို့ပူးပေါင်းကာ ကျေးရွာချင်းဆက် ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးနေမှုကိုလည်းကောင်း၊ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် အသစ်တပ်ဆင်သုံးစွဲတော့မည့် ဓာတ်မှန်ခန်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားတော်များ ဟောကြားမည်

ရန်ကုန် ဧပြီ ၂၆

ကမ္ဘာ့သာသနာပြုသီတဂူဆရာတော် အရှင်ဉာဏိဿရ(D. Litt)၏ အမေရိကန်နိုင်ငံဓမ္မရိပ်သာကျောင်း အလှူ ဗုဒ္ဓပူဇာနှင့်သီတဂူဗုဒ္ဓတက္ကသိုလ်အတွက် နှစ်စဉ်ထောက်ပံ့လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း၂၇၀နှင့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် စိန်ရတုကျောင်း စတုတ္ထထပ်အတွက် အလှူရှင် မော်လမြိုင်ကျွန်းမြို့ ၁၄ လမ်း အမှတ် ၄၆ နေ မိဘမေတ္တာဆန်စက်နှင့် နန္ဒဝန်ဆန်စက်ပိုင်ရှင် ဦးမောင်လှ-ဒေါ်ရွှေစိန်၊ဒေါ်မြလွင်နှင့် သားသမီးများ၏ စုပေါင်းဒါနရေစက်ချမင်္ဂလာကို ဧပြီ ၂၇ရက်တွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ ည ၇ နာရီတွင် သီတဂူဆရာတော်ကြီးက ကျောင်းလွှတ်ပူဇာ အနုမောဒနာတရားတော်များ ချီးမြှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နွေစပါးသရုပ်ပြစမ်းသပ်ရိတ်သိမ်းမှုနှင့်ငါးကန်ဖော်ယူမှု တပ်မမှူးဗိုလ်မှူးချုပ်လှဌေးဝင်း ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၂၆

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်နှင့်ကွပ်ကဲမှုအောက်တပ်ရင်းများမှ ရဲမွန်စံပြလယ်မြေ၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါး၂၂၅ဧကကို ဧပြီ၂၄ရက် နံနက်ပိုင်းက ရိတ်သိမ်းခြွေလှေ့စက်များ၊ အမ်သုံးလုံးကုမ္ပဏီမှ ထုတ်လုပ်သည့် ဘက်ထရီအားသုံး စပါးရိတ်စက်များ အသုံးပြု၍ သရုပ်ပြစမ်းသပ် ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ အဆိုပါနွေစပါးရိတ်သိမ်းရာသို့ တပ်မမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ် တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

ကြိုတင်ပြင်ဆင်

ထို့နောက် တပ်မမှူးက တာဝန်ရှိသူများအားရိတ်သိမ်းပြီး စပါးများ လေ့လွင့်ဆုံးရှုံးမှုမရှိစေရေးနှင့်အမိုးအကာအောက်သို့ အချိန်မီရောက်ရှိစေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်ရေး၊ ရိတ်သိမ်းပြီးလယ်မြေများကို မြေပြန်လည်ပြုပြင်၍ မိုးစပါးစိုက်ပျိုးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် တပ်မမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် မော်ဘီမြို့နယ် အထယုကွင်း၌ တပ်မဌာနချုပ်က မွေးမြူထားရှိသည့် ၁၂၉ဒသမ၃ဧကရှိ ငါးမွေးမြူရေးစခန်းသို့ သွားရောက်၍ ငါးကန်များမှ ငါးများ ဖော်ယူဖမ်းဆီးနေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား ဖော်ယူရရှိသောငါးများကို ဒေသခံပြည်သူများနှင့်တပ်နယ် မိသားစုများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရန်နှင့်ငါးမွေးမြူရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုတင်စီစဉ်ထားရှိရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနှင့်ကိုက်ညီသောစနစ်ကို ရွေးချယ်ကျ
မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို လေးစားရမည်၊ ပြည်တွင်းရေ
မြန်မာနိုင်ငံအပေါ်တွင် ထားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏
တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရေ

● ကျောဖုံးမှ

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်နှင့်အတူ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ Member of the Secretariat မစ္စတာ ဝန်ဂန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျင်ပင်ကျင်း၊ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘိုရီလိုင်၊ သမ္မတရုံးအကြီးအကဲ မစ္စတာ ချန်ရှီဂျူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှဌာန ညွှန်ကြားရေးမှူးချုပ် Mr. Cui Tian Kan နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်က မိမိတို့နှစ်နိုင်ငံသည် ရှေးယခင်ကတည်းကပင် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်များ ဖြစ်ကြကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်နိုင်ငံခေါင်းဆောင်များ ယခုကဲ့သို့ တွေ့ဆုံခွင့်ရပြီး အမြင်များဖလှယ်ခြင်းသည် အလွန်အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆွေးနွေးရာ၌ အဆွေတော်နှင့် ယခုကဲ့သို့ ပြန်လည်တွေ့ဆုံရခြင်းအတွက် အထူးပင် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံအကြား နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်ဆက် ပြုစုပျိုးထောင် ထိန်းသိမ်းခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ပိုမိုခိုင်မာ အဓွန့်ရှည်တည်တံ့စေရန် ဆန္ဒရှိပါကြောင်း။

၁၉၇၈ ခုနှစ်က စပြီး စီးပွားရေး တံခါးဖွင့်ဝါဒ ကျင့်သုံးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဘက်စုံ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေသည်ကို မိတ်ဆွေဖြစ်သည့် မြန်မာနိုင်ငံက ဝမ်းသာဂုဏ်ယူလျက် ရှိပါကြောင်း။

အထူးကျေးဇူးတင်

အဆွေတော်တို့၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘက်ပေါင်းစုံက အောင်မြင်မှုရရှိနေသည့်အတွက် တရုတ်နိုင်ငံမှ ပြည်သူများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းသာပီတိ ဖြစ်ရပါကြောင်း၊ ထို့ပြင် ယခုရာစုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့ရှေ့တန်းနိုင်ငံကြီး တစ်နိုင်ငံအဆင့်သို့ တည်ရှိလာနေသည်ကို တွေ့မြင်ရသည့်အတွက်လည်း ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတကာနယ်ပယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

ထောက်ခံကြိုဆို

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တစ်နိုင်ငံတည်း မူဝါဒကို အစဉ်အမြဲ ထောက်ခံကျင့်သုံးသွားမှာ ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်က Anti-Secession Law အတည်ပြုခဲ့ခြင်းကို မိတ်ဆွေဖြစ်သည့် မြန်မာနိုင်ငံက ထောက်ခံကြိုဆိုပါကြောင်း။



မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းကို ဂရုတစိုက်လုပ်ဆောင်ခဲ့ကြပြီး နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် ဆောင်ရွက်လေ့ရှိပါကြောင်း။

၂၀၀၃ခုနှစ်က မိမိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့စဉ်က တရုတ်ခေါင်းဆောင်ကြီးများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်ကို ယခုထက်တိုင် ပြန်ပြောင်းသတိရလျက်ရှိပြီး အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ထပ်မံဖိတ်ခေါ်

အဆွေတော် သမ္မတကြီးအနေဖြင့်လည်း ၂၀၀၀ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီး ထပ်မံလာရောက် လည်ပတ်ရန်လည်း ဖိတ်ခေါ်ပါကြောင်း။

ယခုနှစ်ဆိုလျှင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်ခဲ့သည်မှာ ၅၅ နှစ်ပြည့်မြောက်တော့မှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိတ်ဆွေရင်းဖြစ်သော တရုတ်နိုင်ငံက ကူညီထောက်ပံ့မှုများနှင့် နည်းပညာအကူအညီများပေးနေခြင်းအတွက် အထူးကျေးဇူးတင်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

အဆွေတော်နှင့် ဆုံတွေ့ခိုက် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် အဆင့်(၇)ဆင့်ပါ မူဝါဒလမ်းစဉ်ကို အသိပေး ပြောကြားလိုပါကြောင်း။

အရေးအကြီးဆုံးအဆင့်

ပထမအဆင့်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် ရေးဆွဲရေးအတွက် အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ပြန်လည်ကျင်းပလျက်ရှိပါကြောင်း၊ အမျိုးသားညီလာခံ ပြန်လည်ကျင်းပနေခြင်းသည် ပထမဆုံးနှင့် အရေးအကြီးဆုံးအဆင့်ကို ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံသို့ တိုင်းရင်းသားပြည်သူလူထု ကိုယ်စားပြု ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ကြပြီး ကိုယ်စားလှယ်များ၏ ၆၀ ရာခိုင်နှုန်းကျော်သည် တိုင်းရင်းသားလူမျိုးစုများမှ ဖြစ်ပါကြောင်း။

ရွေးချယ်ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု ခံယူ
ပြည်တွင်းရေးစွက်ဖက်မှု သဘောမတူ
တနိုင်ငံ၏ ရပ်တည်ချက်မပြောင်းလဲ
းကို ဝင်ရောက်စွက်ဖက်မည်မဟုတ်

ဖိတ်ခေါ်ကြိုဆို

တစ်ချိန်တည်းမှာပင် ကုန်သွယ်ရေးကဏ္ဍ၊ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍများ တိုးတက်မြင့်မားလာရေးအတွက်လည်း ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ယင်းကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကြိုဆိုပါကြောင်း၊ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ မြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

အားရကျေနပ်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ဟူကျင်တောင်က ပြန်လည်ဆွေးနွေးရာ၌ ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ မကြာခဏ တွေ့ခွင့်ရပြီး အမြင်ချင်းဖလှယ်ခွင့်ရသဖြင့်လည်းကောင်း၊ နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးကိစ္စများ၊ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်သဖြင့် လည်းကောင်း အားရကျေနပ်မိပါကြောင်း။

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက One China Policy ကို ကျင့်သုံးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ရပ်တည်ခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မကြာမီကလည်း တရုတ်ပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင် ခွဲထွက်ရေးကို ဆန့်ကျင်သည့်ဥပဒေပြဋ္ဌာန်းစဉ်က မြန်မာနိုင်ငံက ထောက်ခံခဲ့သဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း။

အရေးပါ

တရုတ်နှင့် မြန်မာချစ်ကြည်ရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးဝါဒတွင် အရေးပါပြီး ဆွေမျိုးပေါက်ဖော်ကဲ့သို့ ချစ်ခင်ရင်းနှီးမှု တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား သဘောတူခဲ့သည့် လယ်ယာစိုက်ပျိုးရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိသဖြင့် အားရကျေနပ်မိပါကြောင်း။

အဆက်မပြတ် တွေ့ဆုံဆွေးနွေး

မိမိတို့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ပိုမိုရင်းနှီးမြှုပ်နှံရေးအတွက် တိုက်တွန်းလျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန် အဆက်မပြတ် တွေ့ဆုံဆွေးနွေးရန် လိုအပ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်စင်တာဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဆက်လက်ကူညီနိုင်ရန် သဘောတူညီချက် စာချွန်များ လဲလှယ်ရန်လိုအပ်ပါကြောင်း၊ လာမည့်ကာလများတွင် မြန်မာနိုင်ငံအား အတတ်နိုင်ဆုံး ကူညီသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်းအေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းနေသည်ကို တရုတ်အစိုးရနှင့် ပြည်သူများက ထောက်ခံပါကြောင်း။

ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်နှင့် အင်ဒိုနီးရှားသမ္မတ နိုင်ငံ ဂျကာတာမြို့ **Hotel Mulia** ၌ ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးစဉ်။

(သတင်းစဉ်)

ထို့ပြင် အမျိုးသားညီလာခံတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် အဖွဲ့ငယ်၁၇ဖွဲ့တို့မှ တိုင်းရင်းသားကိုယ်စားလှယ်များလည်း တက်ရောက်လျက် ရှိပါကြောင်း။

ယခု ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးအားလုံး လက်ခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားညီလာခံ လုပ်ငန်းစဉ်များသည် အလွန်လေးနက်သိမ်မွေ့သည့်ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးအကြီးဆုံးအချက်သည် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားနှင့် တစ်နိုင်ငံလုံး၏ အကျိုးစီးပွားကြား မျှတမှုရှိစေရန် ဖြစ်ပါကြောင်း။

သိသာထင်ရှားလာ

ယခုအခါ မိမိတို့ မနားမနေ ကြိုးပမ်းအားထုတ်မှုများကြောင့် တိုင်းရင်းသားများ၏ ယုံကြည်မှု၊ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ အစည်းအဝေးနှစ်ရပ်၏ ရလဒ်များကို များစွာနှစ်ထောင်းအားရ ဖြစ်မိပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်လိုသည့် အများဆန္ဒသည် သိသာထင်ရှားလာပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံတွင် မည်သို့သော စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်နိုင်မည်ကို ရှင်းလင်းပြောကြားလိုပါကြောင်း။

ဈေးကွက်စီးပွားရေး

မြန်မာနိုင်ငံသည် ဗဟိုက ချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ်သို့ ကူးပြောင်းလျက်ရှိရာ ပြောင်းလဲမှုများစွာကို ဆောင်ရွက်ခဲ့ရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၁–၂၀၀၂ မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ အကျုံးဝင်သည့် ငါးနှစ်စီးပွားရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ယင်းစီမံကိန်း၏ ပထမသုံးနှစ်အတွင်း နှစ်နှစ်ဆက်တိုက် ကုန်သွယ်ရေးပိုငွေ ပြခဲ့ပါကြောင်း၊ ပြည်ပနိုင်ငံအများစုသည်လည်း စီမံကိန်းလုပ်ငန်းပေါင်းများစွာ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနှင့်ကိုက်ညီသောစနစ်ကို ရွေးချယ်ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု မိမိတို့ ခံယူပါကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်ခြင်းကိုလည်း သဘောမတူပါကြောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်တည်ချက်မှာလည်း မပြောင်းလဲပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်မည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် မိမိ၏အခက်အခဲများကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ဝိုင်းဝန်းညီနှိုင်း

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးသည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံက ခံယူပါကြောင်း၊ အဘက်ဘက်က ဝိုင်းဝန်းညီနှိုင်းရန်လိုကြောင်း၊ **"ဦးတည်ရာကို လျင်မြန်စွာသွားလျှင် အခက်အခဲတွေ့နိုင်မည်"** ဟု တရုတ်ဆိုရိုးစကားရှိပါကြောင်း။

ယနေ့ နှစ်ဦးနှစ်ဖက် အပြန်အလှန် အမြင်ချင်းဖလှယ်ခွင့်ရသဖြင့် ကျေးဇူးတင်ပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံကိုလာရောက်ရန် ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံကို ယခင်က လာရောက်ခဲ့ဖူးသည်ကိုလည်း မမေ့ပါကြောင်း၊ ယခု ဖိတ်ကြားချက်ကို ဝမ်းသာစွာ လက်ခံပါကြောင်းနှင့် နှစ်ဖက်အဆင်ပြေသည့်အခါ လာရောက်မည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးခင်မင်စွာ ဆွေးနွေးပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုလျက်

အမေနှင့်ကလေးများ

ခင်ဆွေမြင့် (မြန်မာစာ)

အမေ...
ရေနှင့်တူသောအမေ...
မြေနှင့်တူသောအမေ...
အမေ...

မကြာသေးမီက အကယ်ဒမီ ရသွားသော**"အမေ့နို့ဖိုး"** ရုပ်ရှင်ကို ကြည့်စဉ်က ကျွန်မနားထဲ စွဲဝင်ခဲ့သော စကားလုံးများဖြစ်သည်။

အမေတစ်ယောက်၏ဂုဏ်ရည်၊ အမေတစ်ယောက်၏စွမ်းရည်၊ အမေတစ်ယောက်၏နေရာနှင့်တာဝန်ကို လှပသိမ်မွေ့စွာတင်ပြသွားသော **"အမေ့နို့ဖိုး"** တွင် စိမ့်ဝင်ခံစားရင်း ဘဝတစ်ပါးသို့ ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်သော ကျွန်မ၏အမေကို အောက်မေ့လွမ်းဆွတ်မိသည်။

သတ္တဝါတို့၏လောက၌ မိခင်မရှိသောသူဟူ၍ မရှိပါ။ သားသမီးကို မချစ်သောမိခင်မည်သည်လည်း အလွန်ရှားပါးလှသည်။ ယင်းသို့ပင် မိခင်ကို အားမကိုးသော သားသမီးမည်သည်လည်း မရှိပါ။ ခွေးကလေး၊ ကြောင်ကလေး၊ ငှက်ကလေး၊ ကြက်ကလေးများသည်ပင် မိခင်ကို အားကိုးတတ်ကြသည်။ ယင်းသို့ပင် မိမိမွေးထားသော ရင်သွေးကို အထိမခံသော၊ အကြည့်မခံသော ခွေးမိခင်၊ ကြောင်မိခင်၊ ငှက်မိခင်၊ ကြက်မိခင်များကိုလည်း တွေ့ဖူးကြုံဖူးကြမည်ပင် ဖြစ်သည်။

ကျိုးကြောင်း ဆင်ခြင်တုံတရား ပါးရှားသော အဟိတ်တိရစ္ဆာန်လောကတွင်ပင် ဤသို့ဆိုပါလျှင် လောကကို ဆင်ခြင်ဉာဏ်ဖြင့် လွှမ်းမိုးချုပ်ကိုင်နေကြသော လူသားများတွင် အမေသည် သားသမီးကို ချစ်ရုံမျှသာမက လူဖြစ်အောင်လည်း မွေးကြရသည်။ သားသမီးများအတွက် တာဝန်များစွာကိုလည်း ယူကြရသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဖြစ်လာမည့် ကလေးငယ်များ...။

တိုင်းပြည်၏တာဝန်၊ လူမျိုး၏တာဝန်နှင့် မိမိတို့၏ဘဝတာဝန်များကို နေရာအသီးသီးမှ ထမ်းဆောင်ကြရမည့် ကလေးငယ်များ...။

ဤကလေးငယ်များ ကျန်းမာသန်စွမ်းရေး၊ ဉာဏ်ရည်ထက်မြက်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ဓာတ်မှန်ကန် ဖြောင့်မတ်ရေးများအတွက် "လက်ဦးဆရာ၊ မည်ထိုက်စွာသည့်၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ"သည် အရေးအကြီးဆုံးဖြစ်သည်။

ကျွန်မတို့အမေသည် ကိုယ်ဝန်ကိုးကြိမ်ဆောင်ခဲ့ရပြီး သားသမီးရှစ်ယောက် မွေးဖွားခဲ့သည်။ ကိုယ်ဝန်တစ်ကြိမ် ပျက်စီးခဲ့သည်။ မိသားစု စီမံကိန်း (Family Planning)ကို မသိသေးသောခေတ်ဖြစ်၍ ကျွန်မတို့မောင်နှမများသည် တစ်ယောက်နှင့်တစ်ယောက် တစ်နှစ်ခန့်၊ တစ်နှစ်ခွဲစီခန့်သာ ခြားကြသည်။ အကြီးဆုံးဖြစ်သော ကျွန်မ အသက်၁၂နှစ်တွင် အငယ်ဆုံးညီမလေးကို မွေးပြီးဖြစ်သည်။ ကျွန်မတို့ မောင်နှမများအားလုံးသည် အမေ့နို့ရည်ဖြင့် ကြီးပြင်းခဲ့ကြသူများလည်း ဖြစ်သည်။ နောက်ဆုံး သုံးယောက်ကျမှသာ နို့မှုန့်ကူခဲ့ရသည်။ ဗုံလေးတွေလိုစီနေသော ကလေးရှစ်ယောက်ကို မိခင်တာဝန်ကျေပွန်အောင်ထမ်းရသော ကျွန်မတို့အမေသည် အလွန်ပင်ပန်းခဲ့သည်။

ကျွန်မတို့အိမ်တွင် အိမ်သား၂၂ယောက်ရှိသည်။ မေမေ၏အမေ ကျွန်မတို့အဘွားမှစ၍ ဒွေးတော်မိကြီးများ၊ ဦးလေးများ၊ ဝမ်းကွဲမောင်နှမများနှင့် ကျွန်မတို့မိသားစု ပါဝင်သည်။ ဤအိမ်သားစု စားရေး၊ သောက်ရေးအတွက် မေမေသည် သူကိုယ်တိုင် ဈေးဝယ်ပြီး သူကိုယ်တိုင် မီးဖိုချောင်ဝင်သည်။ စားကောင်းသောက်ဖွယ် အမျိုးမျိုးကို မရိုးနိုင်အောင် ချက်ပြုတ်ကျွေးမွေးပြီး မိခင်ကြီးကိုပြုစုသည်။ ခင်ပွန်းဖြစ်သော ဖေဖေ့ကိုလည်း မြတ်မြတ်နိုးနိုး ရိုရိုသေသေ လုပ်ကျွေးသည်။

ကျွန်မတို့ မောင်နှမများ၏ စားရေးသောက်ရေးကိုလည်း စီမံသည်။ ရေချိုး၊ အဝတ်လဲ၊ ကျောင်းသွား၊ စာကျက်ကိစ္စများကိုလည်း သူပဲစီစဉ်သည်။ စည်းစနစ်ရှိအောင်၊ ယဉ်ကျေးအောင်၊ လိမ္မာအောင်လည်း သွန်သင်သည်။ တုတ်ကိုင်လိုက်၊ ထိပ်ခေါက်လိုက်၊ အကျိုးသင့်အကြောင်းသင့် ဆုံးမလိုက်နှင့် နည်းမျိုးစုံလည်း သုံးခဲ့သည်။ မျက်စိဒေါက်ထောက်၍လည်း ကြည့်ခဲ့သည်။

မျက်ခြည်ပြတ်မခံခဲ့သူ၊ သားသမီးများ၏ ကျောနောက်မှာ မျက်လုံးကပ်ပြီး ပါခဲ့သူ ဖြစ်သည်။

ဤမျှမိခင်တာဝန်ကို စိတ်ပါလက်ပါ ဘဝကိုပါ မြှုပ်နှံပြီး ထမ်းရွက်ခဲ့ပါသော်လည်း စတုတ္ထမြောက်သမီးဖြစ်သော၊ ကျွန်မ၏ညီမလေး "ငြိမ်း"သည် အသက်တစ်နှစ်နှင့် ဆယ်လအရွယ်တွင် ကွယ်လွန်ခဲ့သည်။

"ငြိမ်း"ကို ခဏခဏနေမကောင်းဖြစ်တတ်သော ညီမလေးဟုသာ ကျွန်မ၏စိတ်ထဲတွင်မှတ်သားခဲ့သည်။ ဆရာဝန်ဆီမကြာခဏသွားရ၊ ဆရာဝန်ခေါ်ရသည်များကိုလည်း သတိရမိသည်။ တစ်ခုသော တန်ဆောင်မုန်းလနှင်းတွေဝေဝေကျပြီး အေးမြလှသောတစ်နံနက်တွင် ညီမလေး"ငြိမ်း" ရင်ကျပ်ရောဂါဖြင့် ဆုံးပါးခဲ့ရသည်။ ကျွန်မတို့ ညီအစ်မများနှင့်မေမေ့ကို အိမ်အပေါ်ထပ်မှာ နေစေပြီး ဘွားဘွား၊ ဖေဖေနှင့် ရပ်ကွက်လူကြီးများက "ငြိမ်း"ကို မြေချပေး ခဲ့ကြသည်။ နို့စို့အရွယ် ညီမငယ်လေးကို ရင်မှာပွေ့ပြီး ငိုရှိုက်နေသော မေမေ့ကို ကျွန်မ မမေ့နိုင်ခဲ့ပါ။ သို့သော် ကျွန်မတို့ ညီအစ်မသုံးယောက်သည် ကြမ်းပြင်ပေါ် ဝမ်းလျားမှောက်ပြီး ကြမ်းပေါက်က ချောင်းကြည့်ကာ အောက်ထပ်မှာ ဘာတွေအလုပ်ရှုပ် နေကြပါလိမ့်ဟု စပ်စုပြီး ဝမ်းနည်းရမှန်းမသိ၊ ငိုရမှန်းမသိ၊ ထိတ်လန့်စိုးရိမ်ရမှန်း မသိခဲ့ကြပါချေ။

"ငြိမ်း"ဆုံးပြီးနောက် အမေတစ်ယောက်အနေဖြင့် သမီး၏ ရင်ကျပ်ရောဂါကို သက်သာပျောက်ကင်းအောင် မစောင့်ရှောက်နိုင်ခဲ့ခြင်းအတွက် မေမေသည် သူ့ကိုယ်သူ အပြစ်တင်မဆုံး၊ ယူကျုံးမရဖြစ်မဆုံး ဖြစ်ခဲ့သည်။

ဤကလေးများ၏ကျန်းမာအသက်ရှည်ရေးအတွက်လည်းသူ ပူပင်သောကရောက်ပါတော့သည်။

သို့ဖြင့်–

ဆရာဝန်များ၊ သူနာပြုဆရာမများကို သူအလွန်အားကိုးပါတော့သည်။ သူသိလိုသမျှ ကျန်းမာရေးကိစ္စအဝဝကို မေးမြန်းသည်။ ဆည်းပူးသည်။ ကလေးများ၏ကျန်းမာရေးကို စောင့်ရှောက်တတ်ဖို့၊ ကျောပူခေါင်းပူလောက်မှစပြီး အာဂန္တု ရောဂါများကို ကုတတ်ဖို့၊ အိမ်သုံးဆေးဝါးများကို စနစ်တကျသုံးစွဲတတ်ဖို့ သူသင်ပါတော့သည်။

မေမေ့မောင်ဝမ်းကွဲတစ်ယောက် ကျွန်မတို့မြို့ကလေးသို့ ဆရာဝန်အဖြစ်ဖြင့် ရောက်လာသောအခါတွင်မူ သူအလွန်အားရှိသွားသည်။ မောင်ထံမှာ တပည့်ခံပြီး မိသားစုကို စောင့်ရှောက်ကုသရေးနည်းနာများကို သင်ယူတော့သည်။ ဆေးပညာပေးဆောင်းပါးများ၊ ဝတ္ထုများကိုလည်း တွေ့သမျှ မလွတ်တမ်း ဖတ်သည်။

လည်း ဖြစ်ဖူးသည်။ ထမင်းရေပူလည်း လောင်ဖူးသည်။ မိုးတွေသဲသဲမဲမဲရွာတုန်း ရေမြောင်းထဲလည်းလိမ့်ကျဖူးသည်။ သူများအိမ်လက်ရန်းပေါ်မှကျော်ပြီး မြေကြီးပေါ်သို့လည်း ပြုတ်ကျဖူးသည်။ ဤသို့သော သမီးမျိုးကို မကျိုးမပဲ့မပျက်မစီးအောင် စောင့်ရှောက်နိုင်ခဲ့သော အမေဖြစ်သည်။

ကျွန်မတို့မောင်နှမများတွင် မွေးကတည်းက နေမကောင်းသော မောင်လေးတစ်ယောက်လည်းရှိသည်။ အာရုံကြောချွတ်ယွင်းအားနည်းသောကြောင့် စကားလည်းမပြောတတ်။ သူများပြောတာလည်းနားမလည်။ စားရ၊ သွားရ၊ ဝတ်ရမှန်းလည်းမသိ။ တပိုတပါးကိစ္စလည်းသင်၍မရ။ ငိုဖို့နှင့် ရယ်ဖို့သာသိသည်။ ဤသို့သောသားကိုပင် မေမေသည် သူဆည်းပူးထားသော ကျန်းမာရေး ဗဟုသုတဖြင့် ကျန်းမာသန့်ရှင်းအောင်၊ အသက်ရှည်အောင် ကြိုးစားမွေးခဲ့သည်။ မောင်လေးသည် အသက် ၂၈နှစ်ရောက်ခါမှ ဆုံးပါးခဲ့ရရှာသည်။

အိမ်ထောင်တစ်ခုတွင် အဖေသည် အရေးအပါဆုံးဖြစ်သည်။

အမေသည် အရင်းခံအကျဆုံးဖြစ်သည်။

အမေ၏အတွေးအခေါ် အပြုအမူအပြောအဆို အကျင့်အကြံများအားလုံးသည် ကလေးများ၏ ဘဝကိုစီမံခန့်ခွဲသွားမည်ဖြစ်သည်။

ကလေးများကျန်းမာနေရုံမျှနှင့်မပြီး။ အမေကိုယ်တိုင်ကျန်းမာဖို့လည်း လိုသေးသည်။ အမေကျန်းမာမှ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ အမေမကျန်းမာလျှင်၊ အမေအသေစောလျှင် အမိမဲ့သားရေနည်းငါးများ ဖြစ်ကြရပါဦးမည်။ ကျွန်မတို့အမေကမူ . . .။

"သေခြင်းတရားကို မချုပ်ကိုင်နိုင်သော်လည်း အသက်ကိုဉာဏ်စောင့်သည်"ဟု အလွန်ပြောလေ့ရှိသည်။ သူ၏ကျန်းမာရေးကို အထူးဂရုစိုက်သည်။ ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါများဖြစ်လာသော်လည်း ဆရာဝန်နှင့် ချိန်းသည့်ရက် မပျက်ကွက်စေရ။ ညွှန်းသမျှဆေးကို တစ်ကြိမ်မပျက်သောက်သည်။ "ကလေးတွေကို စိတ်ချရပြီးမှ သေရတာက ကိုယ်လည်းချမ်းသာ၊ကလေးများလည်းချမ်းသာမည်"ဟုဆိုတတ်သည်။ ဆီးချိုရောဂါကို ၄၅နှစ်ကြာအောင် ထိန်းထားနိုင်ခဲ့သူဖြစ်သည်။

မိခင်ဟူသည် ကလေးများကို ချစ်နေရုံမျှနှင့်မပြီး။ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော ကလေးများဖြစ်လာရန်၊ အနာဂတ်ဘဝများ သေချာသော ကလေးများဖြစ်လာရန်အတွက် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ သို့ကြောင့် ကလေးများအတွက် မိခင်၏ချစ်ခြင်းမေတ္တာတစ်ခုတည်းဖြင့် မပြည့်စုံ မလုံလောက်နိုင်ပါချေ။

> မိခင်ဟူသည် ကလေးများကို ချစ်နေရုံမျှနှင့်မပြီး။ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော ကလေးများဖြစ်လာရန်၊ အနာဂတ်ဘဝများ သေချာသော ကလေးများဖြစ်လာရန်အတွက် ပြုစုပျိုးထောင်ပေးရမည် ဖြစ်သည်။ သို့ကြောင့် ကလေးများအတွက် မိခင်၏ချစ်ခြင်းမေတ္တာတစ်ခုတည်းဖြင့် မပြည့်စုံ မလုံလောက်နိုင်ပါချေ။
>
> အမေများသည် ကျန်းမာရေးအသိ၊ ပညာရေးအသိရှိရန်၊ ဗဟုသုတ ကြွယ်ဝရန် အလွန်လိုအပ်သည်။ ကြားဆရာ၊ မြင်ဆရာများထံမှ သင်ယူဆည်းပူး တတ်ရမည်။ သိသူတတ်သူများအား မေးတတ်မြန်းတတ်ရမည်။ နားထောင်တတ်၊ လေ့လာတတ်၊ ဆင်ခြင်သုံးသပ်တတ်သူများဖြစ်ရမည်။

ဆရာဝန်ဟူသော ပညာရှင်များသည် သူအထင်ကြီးအလေးစားဆုံးသော လူများဖြစ်သည်။

စာရေးဆရာ ဒေါက်တာမောင်သင်သည် သူအကြိုက်ဆုံး စာရေးဆရာဖြစ်သည်။

မေမေ၏ ကျန်းမာရေးဗဟုသုတဖြင့် ကျွန်မတို့မောင်နှမများအားလုံး ကျန်းကျန်းမာမာဖြင့် ကြီးပြင်းခဲ့ကြသည်။ ကျွန်မတို့သည် ကြိုက်ကြိုက်မကြိုက်ကြိုက် အာဟာရဖြစ်မည့် အစာဆိုလျှင် စားကိုစားကြရသည်။ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ရေအားလုံးကို မျှမျှတတကျွေးသည်။ အားဆေးသောက်ကြရသည်။ အရွယ်ရောက်စပြုလျှင် သံဓာတ်ပါသော ဆေးများသောက်ကြရသည်။ အချိန်တန်လျှင် ကာကွယ်ဆေးထိုးကြရသည်။ ရာသီဥတုအပြောင်းအလဲရှိတိုင်း ဝမ်းနုတ်ဆေးစားရသည်။ အနွေးထည်ဝတ်တန် ဝတ်ကြရသည်။

ငယ်စဉ်က ကျွန်မသည် မကြာခဏလည်း ဖျားတတ်သည်။ တိုက်ဖွိုက်

အမေများသည် ကျန်းမာရေးအသိ၊ ပညာရေးအသိရှိရန်၊ ဗဟုသုတ ကြွယ်ဝရန် အလွန်လိုအပ်သည်။ ကြားဆရာ၊ မြင်ဆရာများထံမှ သင်ယူဆည်းပူး တတ်ရမည်။ သိသူတတ်သူများအား မေးတတ်မြန်းတတ်ရမည်။ နားထောင်တတ်၊ လေ့လာတတ်၊ ဆင်ခြင်သုံးသပ်တတ်သူများဖြစ်ရမည်။

အထူးသဖြင့် ဘဝခရီးအတွက် အကောင်းဆုံး မိတ်ဆွေဖြစ်သော **"စာဖတ်ခြင်း"**ဖြင့် ကလေးများအတွက်မရှိမဖြစ်လိုအပ်သော၊ တန်ဖိုးမဖြတ်နိုင်သော မိခင်ဘဝကို ခံယူကြရမည်။

ကျွန်မတို့မောင်နှမများသည် မိခင်၏ချစ်ခြင်းမေတ္တာ ပြည့်ဝစွာဖြင့် စာဖတ်သောအမေ၊ ပညာဆည်းပူးသောအမေ၊ ဗဟုသုတရှိသောအမေ၊ တာဝန်ယူတတ်သော အမေကို ရရှိခဲ့ကြသောကြောင့် ဖြူစင်သော ကလေးဘဝကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြရပြီး လူလားမြောက်ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မာန်အောင် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော လင်းရောင်ခြည် ကိုယ့်အား ကိုယ် ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၄ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်အဖွဲ့ဝင်(၁) ဦးကျော်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၁၅)

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ် ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၂ရက်က အမှတ်(၇)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ် ဦးစီးအရာရှိ ဦးကျော်လှိုင်က ရပ်ကွက်ဥက္ကဋ္ဌ ဦးစောဝင်းထံပေးအပ်စဉ်။(က-ပ)

နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်အောင် အဆင့်ဆင့်ဆောင်ရွက်နေမှုများ ဒေသခံလူထု ရှင်းလင်းစွာနားလည်သဘောပေါက်အောင် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းသူတို့ လိုက်ပါလျက် မိုင်းယောင်းမြို့မှ ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် ထွက်ခွာပြီး မိုင်းဖြတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ၾငင်းမှ ဆက်လက်ထွက်ခွာလာရာ တာလေမြို့သို့မွန်းလွဲပိုင်းတွင်ရောက်ရှိပြီး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံး၌ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကံညွှန့်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ပေးပြီး နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်အောင်အဆင့်ဆင့်ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်း ပြောကြားကာ ဒေသခံလူထုရှင်းလင်းစွာနားလည် သဘောပေါက်အောင် ဆောင်ရွက်သွားကြရန်နှင့် ဒေသဖွံ့ဖြိုးရေး အတွက်စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တာလေမြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင်တာချီလိတ်မြို့သို့ ရောက်ရှိပြီး တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ဆက်လက်၍ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အိမ်တော်ရာစေတီတော် ရွှေမျက်ပါးကပ်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၆

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ ခေါင်းလောင်းတော် ရွှေမျက်ပါးပြန်လည်ကပ်လှူမှု လုပ်ငန်းအား ယနေ့မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ကြုံတောင့်ကြုံခဲလှစွာသော ယခုလို အချိန်ကာလ၌ ရွှေမျက်ပါး ရှစ်လက်မ ပတ်လည် တစ်ချပ်လျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ကိုယ်တိုင်တက်ရောက်ကပ်လှူလိုသော အမျိုးသားများအတွက်လည်း ဂေါပက အဖွဲ့က သီးခြားစီစဉ်ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး နေ့စဉ်မပြတ် ငွေနှင့် စာအုပ်များ ပေးပို့လျက်ရှိ

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပြတ် ငွေနှင့် စာအုပ်များ ပေးပို့လှူဒါန်းလျက်ရှိကြသည်။

၂၀၀၅ ခုနှစ် ဧပြီ ၂၂ ရက်အထိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးသက်အောင် ဗဟန်းမြို့နယ်က ဂျာနယ်စုံ ၃၀၀၊ ဦးစိုးမြင့်-ဒေါ်စမ်းစမ်းမြင့် စမ်းချောင်းမြို့နယ်က သုတရသစာအုပ်မျိုးစုံ အုပ် ၁၃၀၊ ဦးအောင်ကျော်တင့် ပုဇွန်တောင်မြို့နယ်က မဂ္ဂဇင်းဂျာနယ်စုံ ၂၆အုပ်၊ ဒေါ်လွင်လွင်မြင့် ကြည့်မြင်တိုင်မြို့နယ်က မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ် ၁၅ အုပ်၊ ဦးဥက္ကံသ ကျားကူးခမ္မ ဗိမာန်ကျောင်းတိုက် ဒဂုံမြို့နယ်က သုတစာအုပ်မျိုးစုံ ၁၂၁ အုပ်နှင့် ငွေကျပ် ၃၀၀၀၊ ဦးသောင်းမြင့် အင်းစိန်မြို့နယ်က ရိုးရာပုံပြင် ငါးအုပ်နှင့် ငွေကျပ် ၃၀၀၀၊ ဦးတင်ပိုင် မရမ်းကုန်းမြို့နယ်က ဂျာနယ်စုံ ၂၀၆ စောင်၊ ဦးစံအောင်-ဒေါ်စမ်းစမ်း မိသားစု မင်္ဂလာတောင်ညွန့်က မဂ္ဂဇင်းစာစောင်မျိုးစုံ၃၇အုပ်နှင့် ငွေကျပ်၂၀၀၀၊ ဦးစိုးမြင့် လတ်-ဒေါ်သင်းသင်းဦး မရမ်းကုန်းမြို့နယ်က မဂ္ဂဇင်းမျိုးစုံ ၁၄၉အုပ်၊ စာရေးဆရာငြိမ်းအောင် ဗိုလ်တထောင်မြို့နယ်က မဂ္ဂဇင်းဂျာနယ်မျိုးစုံ ၄၂အုပ်၊ ဒေါ်ခင်အေးနွဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)က English for All စာစောင် ၅၁အုပ်၊ ဒေါ်တင်တင်မြင့် ကြည့်မြင်တိုင်မြို့နယ်က မဂ္ဂဇင်းစာစောင် ၃၄၁အုပ်၊ ဒေါ်နှင်းယုဇင်ထွေး ဗဟန်းမြို့နယ်က ဂျာနယ်စုံ ၁၇စောင်၊ ဦးအောင်သိန်း ဗိုလ်တထောင်မြို့နယ်က သုတရသ စာအုပ်မျိုးစုံ ၂၆၇အုပ်၊ မောင်ကောင်းစည်သူ သာကေတမြို့နယ်က အားကစားဂျာနယ် ၁၅စောင်၊ ဒေါ်ရင်ရွှေ ကျောက်တံတား မြို့နယ်က မဂ္ဂဇင်း စာစောင် ၇၉အုပ်၊ ဦးရဲမြင့်-ဒေါ်မေကြည်မြင့် ကန်တော်ကလေးက မဂ္ဂဇင်းဂျာနယ် ၂၀၂အုပ်၊ ဦးမြင့်ဦးသာ-ဒေါ်အမာကြည် ကမာရွတ်မြို့နယ်က သုတရသစာအုပ်မျိုးစုံ၂၈၁အုပ်၊ ဦးထွန်းအောင်ကျော် ကျောက်တံတားမြို့နယ်က ဂျာနယ်မျိုးစုံ၈၀၊ ဦးမင်းအောင်-ဒေါ်ခင်စိုးစိုးလှိုင် ဗဟန်းမြို့နယ်က ဂျာနယ်မျိုးစုံ ၆၁၁ စောင်၊ ဒေါ်ခင်သိန်းကြည် ဗဟန်းမြို့နယ်က ဘာသာရေးစာအုပ်နှင့် ဂျာနယ်မျိုးစုံ ၁၈၄အုပ်၊ဦးညွန့်လွင် သုဝဏ္ဏက ဂျာနယ်စုံ ၁၀၈စောင်၊ ဦးမြင့်စိုး-ဒေါ်ထားကြည် ပန်းဘဲတန်းမြို့နယ်က မဂ္ဂဇင်းဂျာနယ်စုံ ၈၃အုပ်၊ ဦးတင့်ရီ-ဒေါ်တင်ဦးမြင့် လှိုင်မြို့နယ်က စွယ်စုံကျမ်း၊ မဂ္ဂဇင်း၊ ဂျာနယ် ၄၈၂အုပ်တို့ ဖြစ်ကြသည်။

အလှူရှင်များအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ်၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးချုပ်တို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဖွင့်ပွဲ

ရန်ကုန် ဧပြီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ ရုံးချုပ် ပြည်နယ်နှင့် တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ ကြီးကြပ်အဆင့် ဝန်ထမ်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါါးပတ် ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၄-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓ‌ဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅	၇။	အဆိုပြိုင်ပွဲ
၈:၁၅	၈။	သုံးဆယ်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀	၇။	အတီးပြိုင်ပွဲ
၁၇:၄၀	၈။	သီချင်းကြီးပဒေသာ
၁၇:၅၅	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၀	၁၀။	Discovery
၁၈:၁၅	၁၁။	မူဟာန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၅။	ကြွခိုင်ကျန်းမာ ပြည်မြန်မာ
၁၉:၃၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၇။	ကမ္ဘာလှစ်ပြမည့် မြန်မာ့သစ်ခွ
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ (ပထမပိုင်း) [တတိယဆု] (ရောဝတီတိုင်း)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၉)ထွက်ပြီ

ရန်ကုန် ဧပြီ ၂၆

ယဉ်ကျေးပြီးအသိပညာရှိသော၊ အကျင့်သီလကောင်းမွန်သော လူတော်လူကောင်းများ တိုးတက်များပြားလာစေရန် ဒို့ကျေးရွာဂျာနယ်က ကြိုးစားကူညီဖြည့်ဆည်း ပေးလျက်ရှိရာ ယခုအပတ် ထုတ်ဝေဖြန့်ချိသည့် ဒို့ကျေးရွာဂျာနယ်အတွဲ(၂)၊အမှတ်(၉)တွင် အစေ့ထုတ်ပြောင်းအထွက်တိုးရေး၊နွေမှိုကို ငွေပိုရအောင်စိုက်ကြမယ်၊စိုက်စမ်းစေချင် မက်မန်းပင်၊ဗီတာမင်ခရမ်းချဉ်၊ဗီတာမင်အေနှင့်အီးပြည့်စုံကြွယ်ဝ၊ငုံးမွေးမယ်၊နွားငယ်ကလေးများ အဖြူရောင်ဝမ်းသွားရောဂါနှင့် ကာကွယ်ရေး၊ ၂၀၀၄ခုနှစ် ကြက်မွေးမြူရေးအကဲဖြတ်ဆုရရှိသူနှင့် တွေ့ဆုံခြင်း စသည့် စိုက်ပျိုး၊မွေးမြူရေးဆောင်းပါးများအပြင် ကဗျာ၊ ကာတွန်း၊ ဟာသ၊ ဝတ္ထုတို၊ကုန်ဈေးနှုန်း၊မိုးလေဝသသတင်း စသည်တို့ကို ဝေဝေဆာဆာ ဖော်ပြထားသည်။ **(ဝဲပုံ)**

ဒို့ကျေးရွာဂျာနယ်အတွက်စာမူများနှင့် ကြော်ငြာများကို အမှတ် (၃၀-၃၂) ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံကုန်စည်ပြပွဲ(၂၀၀၅)နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အစီအစဉ်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာဌာန၏ ထိုင်းကုန်စည်ပြပွဲ (၂၀၀၅)ကို မေ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန၌ ခင်းကျင်းပြသမည်ဖြစ်ရာ အဆိုပါ ထိုင်းကုန်စည်ပြပွဲ (၂၀၀၅)နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်၁၁ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza ParkRoyal Hotel ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ H.E. Mr. Opas Chantrasab°၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်၊ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးညွန့်တင်နှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာ ဌာန စီးပွားရေးရာ သံမှူး Mr. Matyawongse Amatyakul နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် စီးပွားရေးရာသံမှူးတို့က ထိုင်းကုန်စည်ပြပွဲ (၂၀၀၅)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းစာဆရာများ၏ သိလိုသည့်မေးမြန်းချက်များကို ထိုင်းနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံနှင့် စီးပွားရေးရာ သံမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ထိုင်းအစားအစာ အများဆုံးစားသုံးနိုင်ခြင်း ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြပွဲဝင်ခွင့်လက်မှတ်ရယူလိုသော မြန်မာနိုင်ငံမှ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များသည် TTF (Yangon)Co., Ltd. အမှတ်(၉၆)ဘိုကလေးဈေးလမ်း ရန်ကုန်မြို့ ဖုန်း-၂၉၄၀၀၆၊ ၂၄၅၁၃၇၊ ၂၄၅၁၃၈နှင့် ဖက်စ်-၂၄၅၀၉၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံကုန်စည်ပြပွဲ (၂၀၀၅) နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာဌာန စီးပွားရေးရာ သံမှူး Mr. Matyawongse Amatyakul ကရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပုသိမ်-မော်တင်ကားလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများ တိုးချဲ့ဖောက်လုပ်မှု ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၃ရက် နံနက်ပိုင်းက ပုသိမ်မြို့မှ ပုသိမ်-သလပ်ခွာ-စိန်တောင်-ငရုတ်ကောင်းတောင်-မော်တင်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ လမ်းတစ်လျှောက် လမ်းတံတားအခြေအနေများ၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ အဆိုပါလမ်း (၁၂) မိုင်တိုင်ရှိ လုပ်ငန်းယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးဦးမြင့်သိန်းက ပုသိမ်-မော်တင်လမ်း လမ်းသားတိုးချဲ့ဖောက်လုပ်မှု၊ တံတားနှင့် ရေပြွန်များတည်ဆောက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ပုသိမ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ပုသိမ်-မော်တင်လမ်း အနောက်ဘက်ကမ်းခြေဒေသနှင့် ပတ်ဝန်းကျင်ကျေးရွာများအတွက် ကျေးရွာချင်းဆက်လမ်းဖြတ်လမ်းတိုများ ဖောက်လုပ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးကတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက နိုင်ငံတော်ကကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပုသိမ်-မော်တင်လမ်းအားရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် အဆင့်ဆင့် ဆောင်ရွက်အကောင်အထည်ဖော်ရေး၊ ကျေးရွာချင်းဆက်လမ်းများရနိုင်သမျှဖောက်လုပ်ရေးနှင့် ကမ်းခြေဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် လမ်း-တံတားများ တိုးချဲ့ဆောင်ရွက်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး (၅၄)မိုင်တိုင်ရှိ ငရုတ်ကောင်းတောင်ကျေးရွာ ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံရပ်မိရပ်ဖများအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူမှုရေးအသင်းအဖွဲ့များအား ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်သည်။

အလှူငွေပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် (၈၉/၄)မိုင်ရှိ ကုန်းတန်း-ကညင်ချောင်းကျေးရွာချင်းဆက် မော်တင်လမ်းခွဲသို့လည်းကောင်း၊ ကုန်းတန်း-မဲဇလီကုန်း၊ ကညင်ချောင်း၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကံချိုင်ကျေးရွာချင်းဆက် ကားလမ်းအခြေအနေနှင့် ကျေးရွာအလိုက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှု အခြေအနေကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကျောက်ချောင်းကျေးရွာ သုတအလင်းတန်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ဝင်ရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားကာ စာကြည့်တိုက်စာအုပ်စာတမ်းများ ဖြည့်ဆည်းဝယ်ယူရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပုသိမ်-စိန်တောင်-ငရုတ်ကောင်းတောင်-မော်တင်ကားလမ်းသည် ပုသိမ်မြို့မှ ငဝန်မြစ်ကူး(ပုသိမ်) တံတားကို ဖြတ်လျက် ပုသိမ်-ငွေဆောင်ကားလမ်းပေါ် စိန်တောင်လမ်းခွဲမှတစ်ဆင့် မော်တင်စွန်းဘုရားအထိ တစ်ဆက်တည်းသွားလာနိုင်ပြီး ပုသိမ်မြို့မှ သလပ်ခွာ-စိန်တောင်လမ်းခွဲအထိ ၁၇ မိုင်၃ဖာလုံ၊စိန်တောင်လမ်းခွဲမှ ငရုတ်ကောင်းတောင်အထိ၊ ၎င်းမှ မော်တင်စွန်းအထိ ၈၄မိုင်၊ ပုသိမ်မြို့မှ မော်တင်စွန်းဘုရားအထိ စုစုပေါင်း ၁၀၁မိုင်၃ဖာလုံ အရှည်ရှိကာ ပုသိမ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ စိန်တောင်လမ်းခွဲမှ မော်တင်စွန်းအထိ အရှည် ၈၄မိုင်လမ်းကြောင်းကို သုံးနှစ်စီမံချက်ဖြင့်ပေ ၃၀ အကျယ် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြပြီး ဟိုင်းကြီးကျွန်းမြို့ မြို့ပတ်လမ်းဖောက်လုပ်ထားရှိမှုနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးများနေရာချထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဧပြီ၂၄ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဟိုင်းကြီးကျွန်းမြို့ ပဒ္မဝတီခန်းမ၌ ဟိုင်းကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် ဒေသခံပြည်သူများနှင့်လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရေးမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တိုင်းမှူးတို့သည် ဟိုင်းကြီးတပ်နယ်အတွင်း စိုက်ပျိုးထားသော ငရုတ်ကောင်းတစ်အုပ်တစ်မစိုက်ပျိုးရေးခြံများကိုလည်းကောင်း၊ ကွမ်းသီးပင်နှင့် ငရုတ်ကောင်းပျိုးခြံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့ပေါ် ရပ်ကွက်များ ဖွံ့ဖြိုးမှုအခြေအနေနှင့် အမှတ်(၃)ရပ်ကွက်တွင် တည်ဆောက်လျက်ရှိသော အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတို့ကို ကြည့်ရှုကာ ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းသည်။

ဖြည့်စွက်မှာကြား

ထိုမှတစ်ဆင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့ တစ်ဖက်ကမ်းရှိ သံကြိုးလမ်းကျေးရွာမှတစ်ဆင့် ကျောက်ချောင်း-မော်တင်လမ်းကို ဖြတ်လျက် အနောက်ဘက် ပင်လယ်ကမ်းစပ်ရှိ ဖောင်ဒိုးကျေးရွာ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးမြင့်သန်းက ကျောက်ချောင်း-ကညင်ချောင်း-ဖောင်ဒိုးလမ်းဖောက်လုပ်ဆောင်ရွက်နေမှု၊ ကျုံကူး-မော်တင်ကျေးရွာချင်းဆက် လမ်းဖောက်လုပ်မည့် အခြေအနေတို့ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တိုင်းမှူးတို့က လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ကညင်ချောင်း-ဖောင်ဒိုးလမ်းသည် ၁၉မိုင်အရှည်ရှိပြီး မော်တင်လမ်းမကြီးအား (၉၂)မိုင်တိုင်တွင်ဖြတ်၍ ဖောက်လုပ်လျက်ရှိပြီး အလားတူ ကျုံကူးကျေးရွာမှ ပျဉ်းမကွင်း၊ ညောင်ဝိုင်းကျေးရွာများကိုဖြတ်၍ ကျေးရွာချင်းဆက်လမ်း စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါ ဖောင်ဒိုးလမ်းတစ်လျှောက် မြေထိုးစက်ဖြင့် ၁၂ပေအကျယ်တစ်ကြောင်းထိုးလမ်းဖောက်လုပ်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မော်တင်-ပုသိမ် ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆံတော်ကြိုစေတီ ရွှေထီးတော်သစ်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၂၆

တွံတေးမြို့နယ်ဘုရားကြီးကျေးရွာရှိ ရှေးဟောင်းစေတီတော်တစ်ဆူ ဖြစ်သည့် ဆံတော်ကြိုစေတီ ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကို ဧပြီ ၂၅ရက် နံနက်က ကျင်းပရာ ရွှေထီးတော်သစ် အလှူရှင် ဦးဟုတ်ကြည်၊ ဒေါ်တင်ဦး (ထွန်းလှပွဲရုံ-ဘုရင့်နောင်)မိသားစုနှင့် ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူး၊ ဟင်္သာ၊ ပန်းခိုင်တို့အား ပင့်ဆောင်၍ ဆံတော်ကြိုစေတီတော် ရင်ပြင်ပေါ်၌ လက်ယာရစ်လှည့်လည် အပူဇော်ခံသည်။ **(အပေါ်ပုံ)**

ထို့နောက်ဘုရားလေးမြိုင်မြတောင်ညိုဆရာတော် ဘဒ္ဒန္တပညာဝံသအား အမှူးထား၍ မင်္ဂလာတိုက်ကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒိမာကမြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့ ပန်းရထားဖြင့် မင်္ဂလာအချိန်တွင် ပန်းခိုင်၊ ဟင်္သာ၊ ဆပ်သွားဖူး၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆံတော်ကြိုစေတီ တနင်္ဂနွေထောင့်၌ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ဆက်လက်၍ စေတီရင်ပြင်ရှိ ဓမ္မသုခဓမ္မာရုံ၌ ရွှေထီးတော်သစ် တပ်လှူပြီးစီးခြင်းအတွက် ရေစက်ချအလှူ မင်္ဂလာကို ကျင်းပရာ ဘုရားဖြူကျောင်းတိုက်မှ ဘဒ္ဒန္တကောသလ္လာဘိဝံသက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်သည်။

ဆံတော်ကြိုစေတီ ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲကို ဧပြီ ၂၂ရက်မှ စတင်၍ ထီးတော်ဘုံ ကိုးဆင့်ကို တင်လှူခဲ့ပြီး ဧပြီ ၂၄ရက်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

'အကယ်ဒမီပြုံးချိုကြီး' ဇာတ်ကားမှ မော့စ်၊ မိုးဒီနှင့် ပပဝင်းခင်။

အကယ်ဒမီပြုံးချိုကြီးဇာတ်ကား မကြာမီရုံဝင်လာမည် ပြသလျက်ရှိသော ဇာတ်ကားများ ဆက်လက်အောင်ပွဲခံ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဧပြီ ၂၆

ယခုအပတ်တွင် ပြသဆဲ ဇာတ်ကားများ ဆက်လက် ပြသလျက်ရှိပြီး အကယ်ဒမီပြုံးချိုကြီး မြန်မာဇာတ်ကားသစ် မေ၆ရက်တွင် ရုံဝင်လာမည်ဖြစ်သည်။

ဇာတ်ညွှန်းနှင့်ဒါရိုက်တာ အကယ်ဒမီခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး မိုးဒီ၊ မော့စ်၊ မင်းသူ၊ ဆုပန်ထွာ၊ ပပဝင်းခင်နှင့် ကလေးသရုပ်ဆောင် ဆုမေတို့ ပါဝင်သရုပ်ဆောင်ထားသည့် **အကယ်ဒမီပြုံးချိုကြီး**ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာရုံများနှင့် မန္တလေးမြို့ဝင်းလိုက်၊ မြို့မရုံများတွင် မကြာမီ ရုံဝင်လာမည်ဖြစ်သည်။

ဤဇာတ်ကားတွင် ကုဋေကြွယ် သူဌေးသားပင် ဖြစ်လင့်ကစား အရက်သေစာနှင့် လောင်းကစားဖက်လာလျှင် နောက်ဆုံး ဘဝနိဂုံးမလှပပုံကို လူငယ်များအား အသိပညာပေးအဖြစ် ဟာသ သရုပ်ဆောင်များက ဇာတ်ကောင်နှင့် စရိုက်ပီပြင်စွာ ဖော်ကျူး ရိုက်ကူးထားသည်။

လျှို့ဝှက်သောနှင်း

သမ္မတ၊သွင်နှင့် မင်္ဂလာရုံများတွင် လူမင်း၊ လွင်မိုး၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်၊ မြင့်မြင့်ခိုင်တို့နှင့်အတူ ရဝမ်၊ လီဆူး၊ ကချင် တိုင်းရင်းသားများ ပါဝင်ထားပြီး စင်ရော်မောင်မောင် ခံစားတင်ပြထားသည့် **လျှို့ဝှက်သောနှင်း** ဇာတ်ကား ဆက်လက် ပြသလျက်ရှိသည်။

အဆိုပါဇာတ်ကားတွင် ဖခင်၏ အဖြစ်မှန်ကို စူးစမ်းလိုစိတ်ဖြင့် ဖခင်သေဆုံးခဲ့သည့် နေရာကို လမ်းပြအဖြစ် လိုက်ပါ ပို့ဆောင်ပေးရန် တောင်းဆိုလာသည့် ဥက္ကာ(လွင်မိုး)၊ သူ့ဘဝတွင် လမ်းပြအဖြစ် ဆောင်ရွက်ခဲ့သရွေ့ လူတစ်ဦးမျှ အထိအခိုက်မရှိခဲ့သော်လည်း ဥက္ကာ၏ ဖခင် ရေခဲတောင်ပေါ်မှ ပြုတ်ကျပျောက်ကွယ်သွားခြင်းအတွက် လမ်းပြအလုပ်ကို စွန့်လွှတ်လိုက်သူ ဦးဖေရမ်(ညွန့်ဝင်း)၊ ဥက္ကာ၏ ဖခင်သေဆုံးခြင်းနှင့် ပတ်သက်၍ မိမိဖခင်အပေါ် သင်္ကာမကင်းဖြစ်ပြီး ဖခင်ကို စော်ကားခြင်းဖြစ်သည်ဟု ခံစားမိပြီး မကျေမနပ်ဖြစ်နေသော ဖုန်တီးရမ်(လူမင်း)၊ နောက်ဆုံးတွင် အမှန်တရားကို ရင်ဆိုင်ရန် ဦးဖေရမ်သည် ဥက္ကာအား လိုက်လံပို့ဆောင်ပေးရန်တာဝန်ယူလိုက်သည်။

အင်္ဂလိပ်စာတန်းထိုး

လူသူမရှိသည့် ဖုန်ဂမ်ရာဇီ ရေခဲတောင်ထိပ်၌ ၎င်းတို့သုံးဦး၏ စွန့်စွန့်စားစားသဘာဝကျကျ သရုပ်ဆောင်ချက်များ အပါအဝင် အလွန်ရှားပါးလှပသော ရေခဲတောင် ရှုခင်းများ၊ တောတောင်ဒေသများကို အသားပေး ရိုက်ကူးထားပြီး ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် အင်္ဂလိပ်စာတန်းထိုး နိုင်ငံတကာ အဆင့်မီဇာတ်ကား တစ်ကား ဖြစ်သည်။

'ဒေင်အိပ်မက်'မှ လွင်မိုးနှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်။

ဒါရိုက်တာမောင်မောင်ဦး (စနိုးဝှိုက်)ရိုက်ကူးပြီး နိုင်းနိုင်း၊ ဖြိုးငွေစိုးနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသည့် **အစိမ်းရင့်ရင့်လမင်း** ဇာတ်ကား ရွှေဂုန်ရုံ မြေညီထပ်တွင် ပြသလျက်ရှိသည်။

ဒါရိုက်တာ Clark Johnson ရိုက်ကူးပြီး Colin Farrell, Samuel L.Jackson တို့ ပါဝင်သရုပ်ဆောင်ထားသော S.W.A.T ရဲကွန်မန်ဒိုဇာတ်ကားကို ရှေ့ဆောင်ရုံတွင် တင်ဆက်ပြသထားသည်။ နဝဒေးရုံတွင် **ဒေင်အိမ်မက်** ဇာတ်ကား ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

လွင်မိုး၊ လူမင်းတို့ ပါဝင်သော 'လျှို့ဝှက်သောနှင်း'ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ဂုဏာပူဇာမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် ပဓာန နာယက စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဇနကအား ဂုဏာပူဇာမင်္ဂလာအခမ်းအနားကို ဧပြီ ၂၄ ရက် မွန်းလွဲ၁နာရီက သံဃာညီမူရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် ပဏ္ဍဝံသ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် (ကျွန်းကုန်း၊ ဝါးခယ်မ) ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က အပူဇော်ခံဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး မြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများ လေ့ကျင့်

ရန်ကုန် ဧပြီ ၂၆

၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက်ရည်ရွယ်၍ အားကစားဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ်သည် ပဏာမမြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများအား စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများကို မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူတို့က အနီးကပ် ကြီးကြပ်ပြီး အုပ်ချုပ်သူအဖြစ် အထွေထွေအတွင်းရေးမှူး ဦးထွန်းမြင့်နှင့် တွဲဖက်အတွင်းရေးမှူး ဦးတင့်နိုင်၊ နည်းစနစ်မှူးအဖြစ် ဦးခွန်ဂျာအောင်တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများအား လေ့ကျင့်ပေးရန်အတွက် တရုတ်နိုင်ငံမှ နည်းပြဆရာ ငါးဦးကို ငှားရမ်းခေါ်ယူထားရာ ထောက်လု အားကစားနည်းတွင် ချန်းချွမ်အတွက် မစ္စတာ ရင်းဝှမ်း၊ နန်းချွမ်အတွက် မစ္စတာ ချွမ်းလွှန်၊ ထိုက်ချီအတွက် မစ္စတာ လင်းရှီးနှင့် လူငယ်လက်ရွေးစင်များအတွက်မစ္စတာ ချန်းချင်းတို့ဖြစ်ကြပြီး ဆန်းဆို အားကစားနည်းအတွက် မစ္စတာ ဟူကွမ်ချောင်းတို့ ဖြစ်ကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလဆန်းမှစတင်၍ စခန်းသွင်းလေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ ထောက်လု အားကစားနည်းတွင် ပဏာမလက်ရွေးစင် (လူကြီး၊ လူငယ်) ၄၀၊ ဆန်းဆိုအားကစားနည်းတွင် ပဏာမလက်ရွေးစင်(လူကြီး၊ လူငယ်) ၂၀ စုစုပေါင်း အားကစားသမား ၆၀ ကျော်တို့သည် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ ထောက်လုလေ့ကျင့်ရေးစခန်းနှင့် သုဝဏ္ဏရှိ ဆန်းဆိုလေ့ကျင့်ရေးစခန်းတို့၌ နံနက်နှင့် ညနေ တစ်နေ့လျှင် ခြောက်နာရီခန့် ပုံမှန်လေ့ကျင့်လျက်ရှိကြသည်။

မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ်သည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ မြန်မာ့လက်ရွေးစင် ဂူရှူး အားကစားမောင်မယ်များကို စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ ၁၉၉၇ ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု၊ ၂၀၀၁ ခုနှစ် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်လေးခု၊ ၂၀၀၃ ခုနှစ် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခြောက်ခု ရရှိခဲ့သည်။

မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ်သည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပါအဝင် ၁၉၉၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နိုင်ငံတကာပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၄၆ ခု၊ ငွေတံဆိပ် ၅၂ ခု၊ ကြေးတံဆိပ် ၄၇ ခု စုစုပေါင်းဆုတံဆိပ် ၁၄၅ ခုရရှိထားပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် စီးပွား/ကူးသန်းက မြို့တော်စည်ပင်ကို အနိုင်ရ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက မြို့တော်စည်ပင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ စီးပွား/ကူးသန်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်မိနစ် ၇၀ တွင် မင်းသူက သွင်းယူပေးသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ စွမ်းအင်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက ၁၄ ပွဲကစား (၃၆)မှတ်ရရှိပြီး ဘဏ္ဍာ/အခွန်အသင်းထက် (၃)မှတ်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ ၂၇ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကမ္ဘောဇအသင်းနှင့် ပို့ဆောင်ရေးအသင်း၊ ပဒေသာအားကစားကွင်း၌ တပ်မတော်(ကြည်း)အသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် သောင်းကျန်းသူအဖျက်သမားများ၏လုပ်ရပ်ကြောင့် မန္တလေးဈေးချို၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွား

ရန်ကုန် ဧပြီ ၂၆

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် သောင်းကျန်းသူအဖျက်သမား အဖွဲ့တစ်ဖွဲ့၏ လူမဆန်သော ရက်စက်ယုတ်မာသည့်လုပ်ရပ်ကြောင့် ယနေ့ညနေ ၄ နာရီခန့်တွင် မန္တလေးမြို့ ဈေးချို မြေညီထပ် စီရုံနှင့် ဒီရုံကြား အေးကမ္ဘာဖိနပ်ဆိုင်နှင့် Rising Sun အထည်ဆိုင်ကြား အမှိုက်ပုံးဘေးရှိ ဆာလာအိတ်တစ်လုံးအတွင်းမှ ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

အဆိုပါဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၍ ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူမှာ အမျိုးသမီးနှစ်ဦးဖြစ်ပြီး ဒဏ်ရာရသူမှာ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၁၃ ဦးဖြစ်ကြောင်း သိရှိရပြီး ဖြစ်စဉ်ဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ သွားရောက်၍ လိုအပ်သောပံ့ပိုးကူညီမှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မည်သည့်သောင်းကျန်းသူ အဖျက်သမားအဖွဲ့က လုပ်ဆောင်ခဲ့သည်ကို စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

အာဆင်နယ်က တစ်လုံးတည်းသောဂိုးဖြင့် စပါးကိုအနိုင်ယူ

လန်ဒန် ဧပြီ ၂၆

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၄) လက်ကျန်ပွဲအဖြစ် အာဆင်နယ်နှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့ အာဆင်နယ်ကွင်း ဟိုက်ဘူရီ၌ ဧပြီ ၂၅ ရက်က ယှဉ်ပြိုင်ကစားရာ အာဆင်နယ်အသင်းက စပါးကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ တန်းစီဇယားထိပ်ဆုံးတွင်ရှိသော ချယ်လ်ဆီးကို ဖိအားပေးနေဆဲပင်ဖြစ်သည်။

အာဆင်နယ်အသင်းတွင် အားထားရသော တိုက်စစ်မှူး သီယာရီ အွန်နရီ မပါရှိသော်လည်း ဗန်ပါစီ၊ ရီးယက်စ်တို့ တိုက်စစ်အတွဲက စပါးနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားနိုင်ခဲ့သည်။ ဗီယာရာ၊ဆီလ်ဗာနှင့် ရောဘတ်ပီရက်စ်တို့က ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်ခဲ့ပြီး စပါးနောက်တန်းခံစစ်ကြောင်းကို မနားတမ်း ထိုးဖောက်ကစားရာ ပွဲချိန် ငါးမိနစ်တွင် အာဆင်နယ်မှ ရီးယက်စ်က ဂိုးသမားမရှိသည့် စပါး ဂိုးပေါက်အတွင်း ကန်သွင်းသော်လည်း ကန်ချက်မမှန်မှုကြောင့် ဖွေဆော်ဦးဂိုး ရရှိရေး နစ်နာခဲ့ရသည်။

ကွင်းလယ်ကစားကွက် အသာစီးရထားသော အာဆင်နယ်အသင်းက ဘောလုံးပိုင်ဆိုင်မှုများများဖြင့် အပေးအယူ အချိတ်အဆက်မှန်မှန်ပြုလုပ်ပြီး ကစားသောကြောင့် ပထမပိုင်း ပွဲချိန်တစ်ခုလုံး စပါးတို့ ကစားကွက်မရဘဲ ဖြစ်ခဲ့ရသည်။

အာဆင်နယ်နှင့် စပါးတို့ပွဲတွင် အာဆင်နယ်မှ အန်တိုနီယိုရီးယက်စ် (အလယ်) **ထိုးဖောက်ကစားမှုကို စပါးမှ အီရစ်အီမင်** (ယာ) **လိုက်လံဟန့်တားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

အာဆင်နယ်တို့ အဖွင့်ဂိုးရရှိရေး ဖိကစားထားရင်း ၂၂မိနစ်တွင် အာဆင်နယ် အလယ်တန်းမှ ဖာဘရီဂတ်စ် ထိုးပေးလိုက်သည့်ဘောလုံးကိုရီးယက်စ်က တောက်လျှောက်ဆွဲပြေးပြီး မနားတမ်း ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အဖွင့်ဂိုးရရှိသွားခဲ့သည်။

စပါးတို့ ချေပဂိုးပြန်သွင်းနိုင်ရေး ကြိုးစားသော်လည်း အာဆင်နယ် နောက်တန်းကိုမကျော်နိုင်ဘဲရှိရာ စပါးတိုက်စစ်မှူးများဖြစ်သည့် ကနူတေးနှင့် ဒီဖိုးတို့လည်း ထိထိရောက်ရောက် ထိုးဖောက်ကန်သွင်းခွင့် မရရှိခဲ့ပေ။

အာဆင်နယ်အသင်း ဂိုးထပ်မံရရှိရေး အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ကန်ချက်လွဲချော်နေမှုနှင့် ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိဘဲဖြစ်ခဲ့ရသည်။ အာဆင်နယ်မှ ဖာဘရီဂတ်စ်အစားဝင်လာသူ အီဒူး၏ အမှတ်မထင် ကန်သွင်းချက်မှာလည်း စပါးဂိုးတိုင်ထိပြီး ပြန်ထွက်ခဲ့သဖြင့် အာဆင်နယ်တို့ နစ်နာခဲ့ရသည်။

စပါးတို့ ချေပဂိုးပြန်သွင်းနိုင်ရေးအတွက် တိုက်စစ်အတွဲကို ပြောင်းလဲကစားခဲ့ရာမိနစ်၇၀ တွင်ကနူတေးအစား မီဒိုနှင့် ဒီဖိုးအစား ရော်ဘီကိန်းတို့ ဝင်ရောက်ကစားခဲ့ရာ စပါးတိုက်စစ် ပြန်လည် အသက်ဝင်လာခဲ့သည်။

တိုက်စစ်အပြောင်းအလဲကြောင့် စပါးတို့ အာဆင်နယ်ဘက်သို့ ပိုမိုတိုက်စစ်ဆင်လာနိုင်ခဲ့ပြီး ၈၅ မိနစ်တွင် ဘယ်တောင်ပံမှ စပါးတိုက်စစ်မှူး မီဒို ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ရော်ဘီကိန်း ခေါင်းတိုက်ဂိုးသွင်းသော်လည်း လွဲချော်သွားမှုကြောင့် အာဆင်နယ်တို့ သက်သာရာရခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၌ အာဆင်နယ်တို့ အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား ဒုတိယနေရာတွင် ဆက်လက်တည်မြဲနေသော်လည်း စပါးအသင်းမှာမူ ရှုံးပွဲကြုံခဲ့ရသဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရေး မျှော်လင့်ချက်ရေးရေးလည်း ပျက်ပြယ်ခဲ့ရပြီ ဖြစ်သည်။ **(အင်တာနက်)**

ဘာစီလိုနာက မာလာဂါကို လေးဂိုးပြတ်အနိုင်ယူ ရီးယဲလ်မက်ဒရစ်ကို ခြောက်မှတ်ပြတ်ထားဆဲ

ဘာစီလိုနာ ဧပြီ ၂၆

စပိန် လာလီဂါဘောလုံးပွဲစဉ် (၃၃)အဖြစ် မာလာဂါနှင့် ဘာစီလိုနာတို့ပွဲကို မာလာဂါကွင်း လာရိုဆာလီဒါတွင်ကစားခဲ့ရာ တန်းစီဇယားထိပ်ဆုံး၌ရှိသော ဘာစီလိုနာက အိမ်ရှင်မာလာဂါကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့ရာ ယခုနှစ် လာလီဂါဖလားရယူမည့်အသင်းအဖြစ် ပြသခဲ့ပြီဖြစ်သည်။

ဘောလုံးရာသီကုန်ပွဲစဉ်များ ဖြစ်လာသည်နှင့်အမျှ အနိုင်ပွဲများ ဆက်တိုက်ရရှိရန် လိုအပ်နေသော ဘာစီလိုနာသည် ယခုပွဲကို တိုက်စစ်မှူးများအဖြစ် ရော်နယ်ဒင်ဟို၊ အီတိုးနှင့် ဇာဗီတို့အတွဲဖြင့် ပွဲထုတ်ခဲ့ရာ အိမ်ရှင်မာလာဂါအသင်းကို အချိန်ပြည့် ထိုးဖောက်ကစားနိုင်ခဲ့သည်။

မာလာဂါအသင်းက ဘာစီလိုနာ၏တိုက်စစ်ကို ဟန့်တားကစားနေရပြီး ဂိုးမပေးရရေး ကြိုးစားကာကွယ်သော်လည်း ၂၁ မိနစ်တွင် ဘာစီလိုနာ နောက်ခံလူ လူငယ် ဘောလုံးသမားလေး အိုလီဂွာက တိုက်စစ်ကို လိုက်ပါအားဖြည့်ရင်း ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ယင်းဂိုးသည် ဘာစီလိုနာအတွက် သူ၏ ပထမဆုံးသွင်းဂိုးလည်း ဖြစ်ခဲ့သည်။ ဘာစီလိုနာတို့ ဂိုးထပ်မံရရှိရေး ဆက်တိုက် ဖိကစားရာ ၃၃ မိနစ်တွင် ဘာစီလိုနာ ကွင်းလယ်ကစားသမား ဂူလီက တစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။

မာလာဂါတို့ ချေပဂိုးများရရှိရေးအတွက် ကြိုးစားကစားရာ မာလာဂါ တိုက်စစ်မှူးများ၏ အဝေးမှ အမှတ်မထင် ကန်သွင်းမှုများကိုလည်း ဘာစီလိုနာ ဂိုးသမား ဗစ်တာဗာလ်ဒတ်စ်က ကာကွယ်သွားနိုင်ခဲ့သည်။ ဘာစီလိုနာမှ ရော်နယ်ဒင်ဟို၏ အလွတ်တည်ကန်ဘောကို မာလာဂါ လူတံတိုင်းကို ကျော်ပြီး ကန်သွင်းခဲ့သော်လည်း ဂိုးသမား အာနူး ကာကွယ်နိုင်ခဲ့သည်။

၆၈ မိနစ်တွင် ဘာစီလိုနာမှ ဟာနန်ဒက်ဇာဗီ ပေးလိုက်သည့် ဘောလုံးကို ဂူလီက ကန်သွင်းယူခဲ့သဖြင့် တတိယဂိုးရရှိခဲ့ပြီး ပွဲပြီးဆုံးချိန် မိနစ်၉၀ တွင် လိုပက်စ်ဂျရတ်က တစ်ဂိုး ထပ်မံသွင်းယူလိုက်သဖြင့် ဘာစီလိုနာ လေးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာသည် ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် ဒုတိယနေရာမှ ရီးယဲလ်မက်ဒရစ်နှင့် ပွဲတူ ခြောက်မှတ်ဖြတ်ထားနိုင်ဆဲဖြစ်ပြီး တန်းစီဇယား၌ ဦးဆောင်နေဆဲဖြစ်သည်။ **(အင်တာနက်)**

စပိန်လာလီဂါဘောလုံးပွဲစဉ်(၃၃)အဖြစ် မာလာဂါနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာမှ ရော်နယ်ဒင်ဟို (ယာ)**၏ ထိုးဖောက်ကစားမှုကို မာလာဂါမှ စီဆာနာဗတ်စ် ဟန့်တားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

အခြေခံပန်းအလှပြုပြင်သင်တန်းနှင့် စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းကြီးက ကြီးမှူး၍ အခြေခံပန်းအလှ ပြုပြင်မှုသင်တန်း အမှတ်စဉ်(၃/၂၀၀၅)ကို မေ ၉ ရက်မှ ၁၆ ရက်အထိ နေ့စဉ် မွန်းလွဲ ၂ နာရီမှ ၄ နာရီအတွင်း သင်တန်းသား သင်တန်းသူ ၅၀ဖြင့်လည်းကောင်း၊ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်း (၁/၂၀၀၅) ကို မေ ၁၇ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းသား သင်တန်းသူ ၆၀ ဖြင့်လည်းကောင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

အခြေခံပန်းအလှပြုပြင်မှုသင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၄၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင်ကျပ် ၅၀၀၀၊ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်း သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၈၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၉၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်စာရင်း ပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ (၃၀၈)

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက ကြီးကြပ်၍ အမှတ် ၅၀၊ ရွှေတောင်ကြားလမ်း၊ ဓာတ်လမ်းရုပ်ရှင် အသံခန်းမ(ရုပ်ရှင်မြှင့်တင်ရေး)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အခြေခံအလွှာအလိုက် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ အားလုံး မပျက်မကွက် တက်ရောက်ရွေးချယ်ပေးနိုင်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

ရွေးချယ်မည့် အခြေခံအလွှာနှင့် နေ့ရက်/အချိန် အစီအစဉ်

၁။	(က)	ထုတ်လုပ်သူအခြေခံအလွှာ	၂၉-၄-၂၀၀၅	၀၉း၀၀ နာရီ
	(ခ)	ပြဇာတ်ပညာရှင်များအခြေခံအလွှာ	။	၁၃း၀၀ နာရီ
၂။	(က)	တည်းဖြတ်၊မှတ်တမ်းအခြေခံအလွှာ	၃၀-၄-၂၀၀၅	၀၉း၀၀ နာရီ
	(ခ)	အုပ်ချုပ် ဖြန့်ချိ ပြသသူများအခြေခံအလွှာ	။	၁၃း၀၀ နာရီ
၃။	(က)	ဇာတ်လမ်း၊ဇာတ်ညွှန်း အခြေခံအလွှာ	၁-၅-၂၀၀၅	၀၉း၀၀ နာရီ
	(ခ)	စက်မှုလက်မှုအခြေခံအလွှာ	။	၁၃း၀၀ နာရီ
၄။	(က)	ဒါရိုက်တာအခြေခံအလွှာ	၂-၅-၂၀၀၅	၀၉း၀၀ နာရီ
	(ခ)	ဗီဒီယိုအခြေခံအလွှာ	။	၁၃း၀၀ နာရီ
၅။	(က)	ဇာတ်ပို့ ဇာတ်ရံအခြေခံအလွှာ	၃-၅-၂၀၀၅	၀၉း၀၀ နာရီ
	(ခ)	အဓိကသရုပ်ဆောင် အခြေခံအလွှာ	။	၁၃း၀၀ နာရီ

(သတင်းစဉ်)

ကနောင်မြို့ ပြည်လုံးချမ်းသာစေတီ ရွှေထီးတော်သစ်တင်လှူ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်းဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တ သလ္လာအရှင်ပဏ္ဍိတ ဦးဆောင်၍ ရောဝတီတိုင်း မြန်အောင်မြို့နယ် ကနောင်မြို့ ရေးမြန်မာဘုရင်များ တည်ထားကိုးကွယ်ခဲ့သော ဉာဏ်တော် ၇၂ တောင် အမြင့်ရှိ ပြည်လုံးချမ်းသာစေတီတော်အား ရွှေထီးတော်အသစ်တင်လှူခြင်းနှင့် ဆီမီးတစ်ထောင်၊ပန်းတစ်ထောင်ဖြင့် လှူဒါန်းပူဇော်ခြင်း အခမ်းအနားကို ဧပြီ ၂၃ ရက်က ကျင်းပရာ တိုင်း၊မြို့နယ်၊ရပ်ကွက် သံဃနာယက ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်ရောက် ကနောင် အသင်းသူ အသင်းသားများ၊ ရွှေထီးတော် အလှူရှင်နှင့် စေတနာရှင် ကုသိုလ်ရှင်များ တက်ရောက်ကြည်ညို ပူဇော်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထူးခြားနေ့အပူချိန်များ

၂၆-၄-၂၀၀၅

မင်းဘူး
မကွေး
အောင်လံ
} ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီ ဖာရင်ဟိုက်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

လက်ပံတန်းမြို့နေ
ဦးအေးမောင်(ကျောင်းအုပ်ဆရာကြီး၊ငြိမ်း)-ဒေါ်ထွေးစိန်တို့၏သားကြီး

ဒေါက်တာအောင်ကျော်သူ

M.B.,B.S. M.Med.Sc(Medicine) 2nd Yr.

လက်ထောက်ဆရာဝန်
(အထွေထွေရောဂါကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ) နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ
ဒေါက်တာတင်ထွဋ် (ဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါက်တာရင်ရင်မြင့်
(အကြီးတန်းဆေးအရာရှိ၊ငြိမ်း)တို့၏ သမီးငယ်

ဒေါက်တာခင်သီတာထွန်း

M.B.,B.S. M.Med.Sc(Medicine) 2nd Yr.

လက်ထောက်ဆရာဝန်
(အထွေထွေရောဂါကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ)

တို့အား ၁၀-၄-၂၀၀၅ ရက် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ထိမ်းမြားမင်္ဂလာ မော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်နီ၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာမြသောင်း (ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ)နှင့် ဇနီး၊ ဒေါက်တာမောင်မောင်ကြီး (ဆေးရုံအုပ်ကြီး၊ သဃ်န်းကျွန်း စံပြဆေးရုံကြီး)နှင့် ဇနီး၊ အောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော ဒေါက်တာဘရွှေ(ဆေးရုံအုပ်ကြီး၊မိတ္ထီလာ)နှင့်ဇနီး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဒေါက်တာကျော်ဝင်း(ဆေးမှူးချုပ်၊ မြန်မာ့မီးရထား)နှင့်ဇနီး၊ မင်္ဂလာသြဝါဒ ချီးမြှင့်ပေးပါသော ဘဘ ဒုတိယဗိုလ်မှူးကြီးခင်မြင့်(ငြိမ်း) တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပါသော ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာ ဦးမျိုးမြင့်နှင့်ဇနီးပါမောက္ခ၊ဌာနမှူး ဒေါက်တာ ဒေါ်တင်တင်အောင်၊ သူနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်မေအုန်း၊ ဆရာဝန်ကြီးများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဇော်လင်းမောင် (တရားသူကြီး၊ ကိုယ်ရေးအရာရှိ)၊ ဦးထွန်းလှမြင့်(ဦးမောင်)နှင့် ၂၃-၄-၂၀၀၅ရက် လက်ပံတန်းမြို့နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၂၄-၄-၂၀၀၅ရက် မြို့မမင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတို့သို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဒေါက်တာအောင်ကျော်သူ-ဒေါက်တာခင်သီတာထွန်း။**

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း(L.L.B.)နှင့် ဆက်သွယ်ပါ။ဖုန်း-၀၁-၃၇၈၆၄၉။
တိုက်အမှတ်(၁၇)၊အခန်း၅၊မြေညီထပ်၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ (ပိတ်ရက်မရှိ)။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
၁။ Merchandiser ကျား/မ (၂)ဦး
၂။ Secretary (၂) ဦး
အင်္ဂလိပ်နှင့်တရုတ်စာတစ်မျိုး သို့မဟုတ် နှစ်မျိုး အရေး၊ အပြော ကျွမ်းကျင်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။ အမှတ် ၈၂၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ဖုန်း-၂၄၄၂၂၅၊ ၆၈၄၁၂၆။



ရွှေဘိုမြို့တွင် ရပ်ကွက်ရုံးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရွှေဘို ဧပြီ ၁၅

ရွှေဘိုမြို့ အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် နိုင်ငံတော်ကိုယ့်အားကိုယ်ကိုး ရပ်ကွက် စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီက အမှတ်(၉)ရပ်ကွက် ရုံးသစ်တွင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးရင်သော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်က အမှာစကားပြောကြားပြီး ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ကျော်က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ရုံးသစ်နှင့် စာကြည့်တိုက်အတွင်းသို့ အခမ်းအနား တက်ရောက်သူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဧပြီ ၆ ရက်က သန်လျင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့က သန်လျင်မြို့တွင်း လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက်အဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် ရေလောင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လမ်းပန်းဆက်သွယ်မှု လုံခြုံကောင်းမွန်ရေး ညှိနှိုင်းဆွေးနွေးပွဲ ပူတာအိုမြို့တွင်ကျင်းပ

ပူတာအို ဧပြီ ၁၈

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လမ်းပန်းဆက်သွယ်မှု လုံခြုံကောင်းမွန်ရေး အတွက် ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမတွင် ဧပြီ ၁၂ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြင့်စိုးတက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအံ့မော်က ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်းကောင်း၊ ခရိုင်အင်ဂျင်နီယာမှူး ဦးဒေးဗစ်ဘရန်ရှောင်အား ပူတာအိုမြို့နယ်နှင့် နောင်မွန်မြို့နယ်တို့မှ တာဝန်ခံအင်ဂျင်နီယာများက ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်း ဖောက်လုပ်မှု အခြေအနေ၊ ပူတာအိုမှ ဖုန်ကန်ရာဇီတောင်တက် လမ်းဖောက်လုပ်ခြင်းနှင့် ကောင်းမုံလုံကားလမ်း ပြုပြင်ခြင်း၊ ကောင်းမုံ-လုံမလိခမြစ်ကူးတံတားဆောက်လုပ်ခြင်း၊ နောင်မွန်မှ ရပ်ဘော-ကော်လဲ့ကားလမ်းဖောက်လုပ်မှုနှင့် ကော်လဲ့-ပန်နန်းဒင် ဆိုင်ကယ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသန်းထွန်းက ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

ပေါင်မြို့နယ်တွင် ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်

ပေါင် ဧပြီ ၁၅

ပေါင်မြို့နယ် ဥတ္တမအတွင်းရွာကျေးရွာတွင် ဘဝအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖိုးရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းဟောပြော

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်စာကြည့်တိုက် ရေရှည် တည်တံ့ရေးအခြေအနေတို့ကို ရှင်းလင်း ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

မတ် ၁၂ရက်က ပုဏ္ဏားကျွန်းမြို့ ဟာဒယလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများစုပေါင်း၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း တပင်ရွှေထီးလမ်းကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာမင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(နယ်စပ်/စည်ပင်)

ခရမ်းမြို့နယ်၌ရေစက်ရုံနှင့် အုတ်ရေကန် ဆောက်လုပ်

ခရမ်း ဧပြီ ၁၆

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နှစ်လက်မ စက်ရေတွင်းများတူးဖော်ပြီးသည့် ကျေးရွာများတွင် ရေစက်ရုံနှင့် အုတ်ရေကန်များ ဆောက်လုပ်ပေးလျက်ရှိရာ မတ် ၂၈ ရက်က ခရမ်းမြို့နယ် ကန်ကုန်းကျေးရွာတွင် ရေစက်ရုံနှင့် အုတ်ရေကန်ဆောက်လုပ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃)ဦးအောင်ကျော်စိုးနှင့်အဖွဲ့က ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ် စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မန္တလေးတိုင်း မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး နွားထိုးကြီးမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်

နွားထိုးကြီး ဧပြီ ၁၅

မန္တလေးတိုင်း မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၈ရက် နံနက် ၁၀နာရီက နွားထိုးကြီးမြို့နယ် ကြာပွားကျေးရွာ စက်ရေတွင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် စက်ရေတွင်းကို မန္တလေးတိုင်း မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်နန်းအေးမြ၊ အလှူရှင် ဒေါ်နွယ်နွယ်စိုး (ဒေါ်သီသနပ်ခါး)နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)**စက်ရေတွင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

စက်ရေတွင်းမှာ မန္တလေးမြို့ ဦးကျော်သက်လှိုင်(K.T ဆောက်လုပ်ရေး)၊ ဒေါ်နွယ်နွယ်စိုး(ဒေါ်သီသနပ်ခါး) မိသားစုက လှူဒါန်းငွေကျပ် ရှစ်သိန်း၊ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် သုံးသိန်းဖြင့် စုစုပေါင်းငွေကျပ် ၁၁သိန်း အကုန်အကျခံ ဆောက်ရွက်ပေးခြင်းဖြစ်သည်။ နှစ်လက်မ စက်ရေတွင်း အနက်မှာ၃၄၅ ပေရှိပြီး တစ်နာရီ ရေဂါလန် ၈၀၀ထွက်ရှိရာ ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်သည်။ **(၂၁၃)**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးကြပ်မှု၊ ကျေးရွာစာကြည့်တိုက်အသင်းကော်မတီ၏ စည်းရုံးမှုတို့ဖြင့် စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကျေးရွာ၊ မြတ်ပန်းတိုင်စာကြည့်တိုက်သို့ ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းသော ၂၁လက်မ ရုပ်မြင်သံကြားစက်၊ ဂြိုဟ်တုစလောင်းနှစ်ခုနှင့် မီးစက်တစ်လုံးပေးအပ်လှူဒါန်းပွဲကို မတ် ၁၄ ရက်က အဆိုပါ စာကြည့်တိုက်တွင် ကျင်းပစဉ်။

(ခရိုင်ပြန်/ဆက်)

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်-ကျွန်မတို့၏ သားဖြစ်သူ မောင်အောင်ကျော်ဆန်း(ခ) မန်းချူးသည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာယူဘဲ ၎င်းသဘောဆန္ဒ အလျောက်ပြုမူနေပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

ဖခင် - ဦးမောင်အေး ၅/ရဘန(နိုင်)၀၃၄၁၇၄

မိခင် - ဒေါ်လှအေး ၅/ရဘန(နိုင်)၀၃၄၁၇၃

အမှတ် ၁၀၊ နွားလေးကုန်းရပ်ကွက်၊ ရွှေဘိုမြို့။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် ည/၁၀၈၀ လက်ဝယ်ရှိသူကယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ရက် (၃၀)အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်)။**

ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးသော တောင်သူများကိုထောက်ပံ့ငွေပေးအပ်

တာချီလိတ် ဧပြီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် ဧပြီ ၈ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ကုန်းမြင့် လယ်ယာမြေ ဖော်ထုတ် စိုက်ပျိုးသော တောင်သူများကို နိုင်ငံတော်က ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ကုန်းမြင့် လယ်ယာမြေ ၁၂၀ ဒသမ၅၆ ဧကအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၁၄၄၆၇၂၀အား တောင်သူ ၃၆ ဦးတို့အား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဇော်မိုးအေး**(ဝဲပုံ)**၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဗိုလ်မှူးမင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်တို့က တောင်သူတစ်ဦးချင်းစီသို့ ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မတ္တရာမြို့တွင်ပါဠိပထမပြန်စာမေးပွဲကျင်းပ

မတ္တရာ ဧပြီ ၁၂

၂၀၀၅ခုနှစ် ပါဠိပထမပြန် စာမေးပွဲကို မတ္တရာမြို့စာဖြေဌာန၌ မတ် ၂၈ ရက်က ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် စာဖြေသံဃာတော်နှင့် သီလရှင်များအား မတ္တရာမြို့ပေါ်ရှိ ရပ်ကွက်များမှ စေတနာရှင် အလှူရှင်များ၊ စကျင်မန်းနှင့် အမှတ်(၉)လိုင်း မော်တော်ယာဉ်အသင်းတို့က ဆွမ်းခဲဖွယ်များ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **(၃၆၄)**

အမှတ် (၄၉) အောင်မင်္ဂလာလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဦးထွန်းလှိုင်-ဒေါ်တင်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ ပေးအပ်လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်တင်တင်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

အမြို့မြို့ အနယ်နယ် သတင်းများ

စည်ပင်သာယာဈေး ရေမြောင်းတူးဖော်

ဟိုပင် ဧပြီ ၁၄

ဟိုပင်မြို့တွင်မြို့နယ်စည်ပင်သာယာဈေးအတွင်းအပြင်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မတ် ၁၉ရက်က စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ၊ ဈေးမိဈေးဖနှင့် ဈေးသူဈေးသားများ ပူးပေါင်းပြီး ဈေးအပြင်တန်း ပတ်လည်ရှိ ရေမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးမောင်မောင်သွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့က ကြီးကြပ် ဆောင်ရွက်ပေးကြ ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မတ်၂ရက်က ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဟိုင်းကြီးကျွန်းမြို့ ဦးအောင်ဇေယျလမ်း ကျောက်ချောခင်းမှုကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးသူရလွင်နှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ်တွင် ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပ

သာယာဝတီ ဧပြီ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့က အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)နှင့် (၂/၂၀၀၅)တို့ဖြင့် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့မှ သီရိသုဓမ္မသင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်သန်းသန်းဝင်း၊ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးရဲဒင်၊ သီဟသုဓမ္မသင်္ဂီ ဒေါ်ကြင်မြင့်နှင့် လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ဦးလှထွန်းတို့အား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက်က သုံးဆယ်မြို့ ရတနာဝင်း အဆင့်မြင့်ရုပ်ရှင်ရုံခန်းမ၌ ကျင်းပရာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက ဂုဏ်ပြု အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လက်မှတ်ပေးအပ်

သာကေတမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၂၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းမြိုင်က ကျောင်းသားမောင်မျိုးမြင့်ညွန့်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၂၅၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံ လွတ်မြောက်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၅ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ တာဘို၊ အမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဂျကာတာမြို့ Hotel Mulia ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက် ထိန်းသိမ်းခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုခိုင်မာရန်ဆန္ဒရှိ တရုတ်နိုင်ငံ၏ ဘက်စုံအရှိန်အဟုန်ဖြင့် တိုးတက်မှု မြန်မာနိုင်ငံက ဝမ်းသာဂုဏ်ယူလျက်ရှိ နိုင်ငံတကာနယ်ပယ်တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ မားမားမတ်မတ်ရပ်တည်မှု ကျေးဇူးတင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင် ခွဲထွက်ရေးဆန့်ကျင်သည့်ဥပဒေပြဋ္ဌာန်းစဉ်က မြန်မာနိုင်ငံကထောက်ခံ၍ ကျေးဇူးတင် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိ၍ အားရကျေနပ်မိ မြန်မာနိုင်ငံ၏ တိုးတက်မှုနှင့် ပြည်တွင်းအေးချမ်းမှုရရှိရေး ကြိုးပမ်းမှု တရုတ်အစိုးရနှင့် ပြည်သူများထောက်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ဟူကျင်တောင်

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဧပြီ ၂၃ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့ Hotel Mulia ရှိ Ballroom ၌ တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧပြီ ၂၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီ အေ၊ အာနန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Jakarta Convention Center အခန်းအမှတ်(၄)၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း-၆) (သတင်းစဉ်)